# မြဝတီ
နေ့စဉ်

ပြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၄၉)

၁၃၈၆ ခုနှစ်၊ ကဆုန်လကွယ်နေ့
၂၀၂၄ ခုနှစ်၊ ဇွန် ၆ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံးဆုံးဖြတ်ပေးသောပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟု ဆိုအပ်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အချိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်အမှာစကားပြောကြား

## သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးနှင့်မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေးအတွက် မြေယာပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ကြရာတွင် သစ်တောများထိန်းသိမ်းတည်ထောင်ခြင်း၊ အပူဒဏ်ခံနိုင်သည့်အပင်များနှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ရေချိုသယံဇာတများထိန်းသိမ်းခြင်းနှင့် ဓာတ်မြေဩဇာအစား သဘာဝမြေဩဇာများပိုမိုအသုံးပြုခြင်းများဖြင့် ပြုပြင်ထိန်းသိမ်း

**နေပြည်တော် ဇွန် ၅**

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ ဆုရရှိကြသူများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး **စာမျက်နှာ ၁၆ ကော်လံ ၁ ▶▶|**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး/အရင်းပေးဆပ်ရန် ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများအမြန်ဆုံးပေးဆပ်ရန်အသိပေးကြေညာခြင်း** စာ - ၂၄ သို့

**နေ့စဉ်ရွှေဆိုင်များဖွင့်လှစ်ခြင်း၊ သတ်မှတ်ဈေးနှုန်းဖြင့်ရောင်းချခြင်းများဆောင်ရွက်ရန် YGEA အသိပေး** စာ - ၁၀ သို့


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



## အယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ ဇွန် ၆ ရက်)

# စိမ်းလန်းစိုပြည်မြန်မာ့မြေ သစ်ပင်စိုက်လို့လှပစေ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန်လ ၄ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Academy ပရိဝုဏ်အတွင်း၌ ကျင်းပသော ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင် "နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံ၏ မြို့တော်ဖြစ်သည်နှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ Green City ၊ Clean City ၊ Smart City ဖြစ်စေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ နေပြည်တော်ကိုပညာရေးမြို့တော်ဖြစ်လာစေရန်ရည်ရွယ်ထားသည့်အတိုင်း အဆင့်မြင့်ပညာရပ်မျိုးစုံကို ရွေးချယ်သင်ယူလေ့လာနိုင်သည့် နိုင်ငံတော်၏ ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် တည်ထောင်ဖွင့်လှစ်ထားသည့် Naypyitaw State Academy ၏ ကျောင်းပရိဝုဏ်နှင့် ပတ်ဝန်းကျင်တွင် မျက်စိပသာဒဖြစ်စေပြီး သင်းရနံ့မွှေးပျံ့သည့်သစ်ပင်ပန်းပင်များနှင့် အမြဲတမ်းစိမ်းလန်းစိုပြည်သာယာလှပစေရန် စိုက်ပျိုးပြုစုထိန်းသိမ်းသွားကြရန်လိုအပ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်ပင်သစ်တောများဖြင့်စိမ်းလန်းစိုပြည်ပြီး သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများစားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့်ကောင်းမွန်သောဂေဟစနစ်ကိုထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ နိုင်ငံတစ်ဝန်းလုံးသစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုပြန်လည်မျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူတို့ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှစတင်ပြီး နှစ်စဉ်သစ်ပင်စိုက်ပွဲများ ကျင်းပလာခဲ့သည်မှာ ယခုအခါနေပြည်တော်တွင် သစ်ပင်စိုက်ပျိုးပွဲ ၈ ကြိမ်၊ ပျိုးပင်ပေါင်း ၁၂၄၅၅ ပင်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကသစ်ပင်စိုက်ပျိုးပွဲ ၈ ကြိမ်၊ ပျိုးပင်ပေါင်း ၃၀၁၅၄ ပင်ကို အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်သည်။ နိုင်ငံနှင့်အဝှမ်းမိုးကြိုနှင့်မိုးရာသီသစ်ပင်စိုက်ပွဲပေါင်း ၁၁၄၇ ပွဲ၊ ပျိုးပင်ပေါင်း ၇၇၅၁၉၂ ပင်ကို စိုက်ပျိုးနိုင်ခဲ့သည်။ သစ်ပင်သစ်တောများ၏အကျိုးကျေးဇူးများကိုသိရှိနားလည်ပြီး ပြည်သူများအားလုံးပူးပေါင်းပါဝင်စေရန်ရည်ရွယ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့်ဦးဆောင်စိုက်ပျိုးနေခြင်းဖြစ်သည်။

ယခုနှစ်မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် တစ်နိုင်ငံလုံးသစ်ပင်ပေါင်း ၂၂ ဒသမ ၃၃၂ သန်း စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်ကြောင်းသိရှိရသည်။ ထို့ပြင် ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင်နေရာအသီးသီးတွင်လည်း ဒေသအလိုက်သင့်လျော်သည့်အရိပ်ရပင်များ၊ လေကာပင်များကိုစဉ်ဆက်မပြတ်စိုက်ပျိုးရန်၊ သစ်ပင်သစ်တောများထိန်းသိမ်းရန်၊ မြစ်ချောင်းတစ်လျှောက်သစ်ပင်များစိုက်ပျိုးထိန်းသိမ်းရန်၊ ဒီရေတောအပင်များစိုက်ပျိုးတည်ထောင်ရန် စသည့်သစ်ပင်သစ်တောစိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အာဆီယံလမ်းမကြီးများဘေးဝဲ၊ ယာ၊ အမြန်လမ်းမကြီးဘေးဝဲ၊ ယာနှင့်ရထားလမ်းများဘေးဝဲ၊ ယာတို့တွင်လည်း သစ်ပင်များစဉ်ဆက်မပြတ်စိုက်ပျိုးပြုစုထိန်းသိမ်းကြရမည်ဖြစ်သည်။

သစ်ပင်များစိုက်ပျိုးကြရာတွင် တစ်ပင်စိုက်တစ်ပင်ရှင်သန်အောင်မြင်ဖြစ်ထွန်းစေရန်အတွက် သန့်စွမ်းသည့်ပျိုးသက် ၂ နှစ်၊ အမြင့် ၂ ပေအထက် ပျိုးပင်များကိုစိုက်ပျိုးကြရမည်။ ထိုသို့ပျိုးပင်များရရှိရန်အတွက် မျိုးကောင်းမျိုးသန့်အပင်ပေါက်ရောက်အောင်မြင်ရှင်သန်နိုင်မည့် သစ်စေ့များကြိုတင်စုဆောင်းခြင်းနှင့် ပျိုးထောင်ခြင်းလုပ်ငန်းများကို အချိန်ယူကြိုတင်ပြင်ဆင်ပြီး အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးပင်များရှင်သန်အောင်မြင်စေရန်အတွက် နေရာဒေသနှင့်ကိုက်ညီမည့်သစ်မျိုးမှန်ကန်စွာရွေးချယ်မှု၊ စနစ်တကျမြေပြုပြင်မှု၊ ရေနှင့်မြေအစိုဓာတ်ရရှိမှု၊ စိုက်မည့်ကျင်းအရွယ်အစားမှန်ကန်မှု၊ ပန္နက်အကွာအဝေးနှင့် စိုက်ပျိုးနည်းစနစ်မှန်ကန်မှုရှိစေရေးတို့ကိုလည်း အထူးအလေးထားရမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ပထမအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော်တွင်စဉ်းစားတွေးခေါ် ဖန်တီးမှုကိုအားပေးသော၊ အရည်အသွေးပြည့်ဝသည့်သင်ကြားသင်ယူလေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့်တီထွင်ဆန်းသစ်မှုကိုမြှင့်တင်ပေးနိုင်မည့် အဆင့်မြင့်ပညာရပ်များသင်ယူရာ တက္ကသိုလ်တစ်ခုကိုတည်ထောင်ဖွင့်လှစ်ရန်ရည်မှန်းချက်ဖြင့်ဖွင့်လှစ်ခဲ့သည့် Naypyitaw State Academy ပရိဝုဏ်အတွင်း၌ ကျင်းပခြင်းမှာ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ အေးချမ်းပျော်ရွှင်စွာအပန်းဖြေနိုင်စေရေး၊ သစ်ပင်သစ်တောစိုက်ပျိုးပြုစုထိန်းသိမ်းရေးတွင် ပိုမိုတက်ကြွစွာပူးပေါင်းပါဝင်လာစေရေးရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ယခုကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်မျိုး ၆ မျိုး၊ အပင် ၁၀၃၀ ပင်စိုက်ပျိုးခဲ့ပြီး တက္ကသိုလ်ပရိဝုဏ်နှင့်လိုက်ဖက်သည့် ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ပိတောက် သစ်မျိုးများကိုအစီအစဉ်တကျစိုက်ပျိုးခဲ့သည်မှာ **"စိမ်းလန်းစိုပြည်မြန်မာ့မြေ သစ်ပင်စိုက်လို့လှပစေ"** လျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ကျောင်းများကို ဇွန်လ ၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နှံရန်ကျန်ရှိနေသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆက်လက်ကျောင်းအပ်နှံနိုင်ရေး အသိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ဇွန် ၅

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

(သတင်းစဉ်)

## Myawady Digital Set Top Box **ထုတ်နတ်ရှုမြင်အစီအစဉ်**

၆-၆-၂၀၂၄(ကြာသပတေးနေ့)

**မြဝတီရုပ်မြင်သံကြား**

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၅ ဓမ္မပူဇာတေး
၃။ ၇း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၅။ ၈း၃၅ သုတစုံလင်ဗဟုသုတပုံပြင်
၆။ ၉း၂၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၇။ ၁၀း၅၀ သာယာသီကြွေးခေတ်ဆန်းတေး
၈။ ၁၁း၄၅ မြန်မာ့ရှုခင်း
၉။ ၁၃း၄၀ ခရီးလည်းသွားစကားလည်းဆို
၁၀။ ၁၈း၃၅ Soft Skill
၁၁။ ၁၉း၀၀ **တောင်ပိုင်းပိုးလမ်းမသစ် တရုတ်မြန်မာအခန်းကဏ္ဍ အပိုင်း(၇၊၈)**

**MWD Variety Channel**

၁။ ၀၉း၁၉ ကမ္ဘာတစ်ခွင် မှတ်တမ်းဝင်
၂။ ၁၀း၃၂ The Beautiful Land
၃။ ၁၁း၄၄ ကြယ်ပွင့်များရဲ့ခြေလှမ်းသစ်
၄။ ၁၂း၃၄ သတိမမူ ဂူမမြင်
၅။ ၁၄း၂၉ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နိုင်ငံတစ်ဝန်း၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပမှုမြင်ကွင်း

**နေပြည်တော် ဇွန် ၅**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြို့နယ်သစ်တောဦးစီးဌာနကကြီးမှူး၍ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတရေး၊ အပူဒဏ်ကာကွယ်နိုင်ရေးနှင့် သစ်တော၊ သစ်ပင်တန်ဖိုးများကို အများပြည်သူ အလေးထားသိရှိနိုင်စေရန်ရည်ရွယ်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်း၌ ကျင်းပခဲ့မှုများကို စုစည်းဖော်ပြအပ်ပါသည်-


သဲကုန်းမြို့နယ် — မြို့နယ်(မြန်/ဆက်)



တာချီလိတ်မြို့ — သန်းဇော်(မြန်/ဆက်)


လပွတ္တာမြို့နယ် — မူမူ


ဓနုဖြူမြို့နယ် — အောင်ပြည့်ဖြိုးဇော်(မြန်/ဆက်)


ဘီးလင်းမြို့နယ် — မြို့နယ်(မြန်/ဆက်)



သံဖြူဇရပ်မြို့နယ် — မြို့နယ်(မြန်/ဆက်)


ဒေးဒရဲမြို့နယ် — (၂၀၇)



ဝမ်းတွင်းမြို့နယ် — မြို့နယ်(မြန်/ဆက်)


ပုလောမြို့နယ် — အေးအေးမော်(ပုလော)


သထုံမြို့နယ် — ခရိုင်(မြန်/ဆက်)


ကျွန်းစုမြို့နယ် — ထက်မြင့်(ကျွန်းစု)


မုဒုံမြို့နယ် — အောင်မျိုးသူ(မြန်/ဆက်)

# ရေချိုကိုတန်ဖိုးထားး ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

**ယမန်နေ့မှအဆက်**

တည်ဆောက်ပြီးစီးခဲ့သည့်ကာလကို လေ့လာလျှင်လည်း ၁၉၄၂ မှ ၁၉၈၄ အတွင်းကာလများဖြစ်သည်။ သို့ပါ၍ ၂၀ ရာစုသည် အမေရိကန်၏ တာတမံရာစုနှစ်ဟုပင် ကမ္ဘာက သိခဲ့ကြသည်။

Columbia River ၏ လက်တက်ဖြစ်သည့် Snake River ပေါ်မှ အထင်ကရတမံကြီးများကို ဆက်လက်ဖော်ပြပါမည်။

**Snake River ပေါ်မှ အထင်ကရတမံများ**

| စဉ် | တမံအမည် | အမြင့် မီတာ (ပေ) | ရေလှောင် ပမာဏ ကုဗမီတာသန်း (ဧကပေသန်း) | တပ်ဆင် အင်အား (မဂ္ဂါဝပ်) | နှစ်စဉ် ထုတ်လုပ်မှု (ကီလိုဝပ် နာရီသန်း) | ပြီးစီး နှစ် |
|---|---|---|---|---|---|---|
| ၁ | Jackson Lake | ၂၀ (၆၅) | ၁၀၄၅ (၀. ၈၅) | - | - | ၁၉၁၆ |
| ၂ | Palisades | ၈၂ (၂၇၀) | ၁၅၀၀ (၁. ၂) | ၁၇၆. ၆ | ၉၀၆ | ၁၉၅၇ |
| ၃ | American Falls | ၂၄ (၉၄) | ၂၀၆၁ (၁. ၆၇) | ၁၁၂. ၄ | - | ၁၉၇၈ |
| ၄ | Minidoka | ၂၆ (၈၆) | ၂၅၉ (၀. ၂) | ၂၈. ၅ | - | ၁၉၀၄/ ၁၉၄၂ |
| ၅ | Shoshone Falls | ၁၁၀ (၃၅၀) | ၁၀၇၂ (၀. ၈၇) | ၃၀. ၅ | ၉၁ | ၁၉၁၀ |
| ၆ | Brownlee | ၁၂၈ (၄၂၀) | ၁၇၅၉ (၁. ၄) | ၅၈၄. ၄ | ၂၄၀၆. ၈ | ၁၉၅၉/ ၁၉၈၀ |
| ၇ | Oxbow | ၅၃ (၁၇၅) | ၈ (၀. ၀၀၆) | ၁၉၀. ၀ | ၁၀၄၇ | ၁၉၆၁ |
| ၈ | Hells Canyon | ၁၀၀ (၃၃၀) | ၂၃၂ (၀. ၁၉) | ၃၉၁ | ၂၀၅၁. ၃ | ၁၉၆၇ |
| ၉ | Lower Granite | ၃၀ (၁၀၀) | - | ၈၁၀ | - | ၁၉၇၅/ ၁၉၈၇ |
| ၁၀ | Little Goose | ၃၀ (၉၈) | ၆၃၆ (၀. ၅) | ၉၃၂ | - | ၁၉၇၀ |
| ၁၁ | Lower Monumental | ၃၀ (၁၀၀) | ၅၄၃ (၀. ၄) | ၈၁၀ | - | ၁၉၆၉ |
| ၁၂ | Ice Harbor | ၃၀ (၁၀၀) | ၃၀၇ (၀. ၂၅) | ၆၉၃ | - | ၁၉၆၁/ ၁၉၇၆ |

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့နံပါတ်(၄) အဆင့် ဧရိယာအကျယ်ဆုံးနိုင်ငံဖြစ်သည်။ စတုရန်းကီလိုမီတာ ၉၃၇၂၆၁၀ ရှိသည်။ ပစိဖိတ်သမုဒ္ဒရာနှင့် အတ္တလန္တိတ်သမုဒ္ဒရာကြီးနှစ်ခု၏ကြားတွင် ရှိနေသည်။ နှစ်စဉ် ပျမ်းမျှမိုးရွာသွန်းမှုနှင့် ဆီးနှင်းကျမှုမှာ ပျမ်းမျှ ၃၀ ဒသမ ၂၈ လက်မသာရှိသည်။ အများဆုံးဖြစ်သော Hawaii ကျွန်းမှာပင် ၆၃ ဒသမ ၇ လက်မသာရှိသည်။ Arizona ပြည်နယ်ဆိုလျှင် ၁၀ လက်မကျော်သာရှိသည်။ သို့သော် ထူးကဲသည့်မုန်တိုင်းများ ရှိနေသည်။ ဆီးနှင်းများ ထူထပ်စွာကျသည်။

သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စု၏ နှစ်စဉ် ပြန်လည်ပြည့်ဖြိုးမြဲရေချိုပိုင်ဆိုင်မှုသည် ကမ္ဘာ့နံပါတ်(၃)ဖြစ်နေသည်။ နိုင်ငံအလိုက် နှစ်စဉ်ပျမ်းမျှရေချိုပိုင်ဆိုင်မှုကို အောက်ပါဇယားတွင် လေ့လာနိုင်သည်။

**ကမ္ဘာ့နိုင်ငံများ၏ နှစ်စဉ် ပြန်လည်ပြည့်ဖြိုးမြဲ ရေချိုပိုင်ဆိုင်မှု တန်းစီဇယား**

| စဉ် | နိုင်ငံ | ရေချိုပိုင်ဆိုင်မှု(ကုဗမီတာ) |
|---|---|---|
| ၁။ | ဘရာဇီး | ၈၂၃၃ |
| ၂။ | ရုရှား | ၄၉၀၈ |
| ၃။ | အမေရိကန် | ၃၀၆၉ |
| ၄။ | ကနေဒါ | ၂၉၀၂ |
| ၅။ | တရုတ် | ၂၈၄၀ |
| ၆။ | ကိုလံဘီယာ | ၂၁၃၂ |
| ၇။ | ဥရောပသမဂ္ဂ | ၂၀၅၇ |
| ၈။ | အင်ဒိုနီးရှား | ၂၀၁၉ |
| ၉။ | ပီရူး | ၁၉၁၃ |
| ၁၀။ | အိန္ဒိယ | ၁၉၁၁ |



အမေရိကန်နိုင်ငံ၊ ကိုလံဘီယာမြစ်ဝှမ်းမှ Grand Coulee Dam

အမေရိကန်ပြည်ထောင်စုသည် လက်ဝယ်ပိုင်ဆိုင်ထားသည့် ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်ကို အပိုင်အသုံးချသည့်နိုင်ငံဖြစ်ကြောင်း တာတမံများက သက်သေပြနေသည်။

ကမ္ဘာ့တမံကြီးများကော်မရှင် (International Commission on Large Dams-ICOLD) ၏ ၂၀၂၀ ပြည့်နှစ် မေလ ၂၇ ရက်စာရင်းအရ အမေရိကန်နိုင်ငံတွင် တမံအကြီး၊ အသေး စုစုပေါင်း ၉၁၀၀ ကျော်ရှိသည်။ ယင်းတို့တွင် အကြီးစားနှင့် အလတ်စားတမံမှာ ၄၆၀၂ ခုရှိသည်ဟုဆိုသည်။ တက္ကဆက် (Texas) ပြည်နယ်တစ်ခုတည်းမှာပင် တာတမံအကြီး၊ အသေး စုစုပေါင်း ၇၀၀၀ ခန့်ရှိသည်ဟု ၂၀၀၉ ခုနှစ်စာရင်းကဆိုသည်။



အမေရိကန်နိုင်ငံမှ တမံအမြင့်ပေ ၇၇၀ ရှိသော Oroville Dam

အမေရိကန်ပြည်ထောင်စု တစ်ခုတည်းမှာပင် ပေ ၇၀၀ အထက်မြင့်သော တမံကြီး ၄ ခုရှိနေသည်။ ၎င်းတို့မှာ-

- Oroville Dam ၇၇၀ ပေ (၂၃၄. ၇ မီတာ)
- Hoover Dam ၇၂၆ ပေ (၂၂၁. ၃ မီတာ)
- Dworshak Dam ၇၁၇ ပေ (၂၁၈. ၅မီတာ)
- Glen Canyon Dam ၇၁၀ ပေ( ၂၁၆. ၄မီတာ)

စသည်တို့ဖြစ်သည်။ **ဆက်လက်ဖော်ပြပါမည်။**

---

မုဒုံ၊ စိုက်ပျိုးရေး

# မုဒုံမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၇၅၁၉၆ ဧက လျာထားစိုက်ပျိုးလျက်ရှိ



မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ်၌ စပါးအထွက်နှုန်းတိုးတက်မြင့်မားစေရေးအတွက် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဆည်ရေသောက်နှင့်ချောင်းပိတ်မြောင်းပိတ်စနစ်ဖြင့် မိုးစပါး ၇၅၁၉၆ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသတွင်း စားရေရိက္ခာဖူလုံစေရေးနှင့် စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး တောင်သူများအား နှစ်စဉ်မျိုးကောင်းမျိုးသန့်မျိုးစေ့များပံ့ပိုးပေးခြင်း၊ မျိုးစေ့ချကိရိယာ၊ ကောက်စိုက်စက်၊ SRI စနစ်များဖြင့် စနစ်တကျစိုက်ပျိုးခြင်းနှင့် စံပြကွက်များကို အကောင်အထည်ဖော်ဆောင်မည်ဖြစ်ကြောင်း၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ခြင်း နည်းစနစ်များ လက်တွေ့ပြသခြင်း၊ သွင်းအားစု ဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်း၊ စိုက်ပျိုးနည်းပညာ အသိပညာပေးခြင်းလုပ်ငန်းများကို တောင်သူများနှင့်ပူးပေါင်း၍ တာဝန်ခံဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် မေလကုန်မှစ၍ မိုးစပါးများ ပျိုးထောင်စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

မုဒုံမြို့နယ်၌ ပြီးခဲ့သည့်နှစ် မိုးစပါးစိုက်ပျိုးရာသီက မိုးစပါး ၇၅၁၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ရာ တစ်ဧကလျှင် ၆၆ ဒသမ ၈၂ တင်းနှုန်းထွက်ရှိခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

ခန္တီး၊ စိုက်ပျိုးရေး

# ခန္တီးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၈၀၀၀ ကျော် စိုက်ပျိုးရန်လျာထား

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၈၀၀၀ ကျော် စိုက်ပျိုးရန်လျာထားကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ခန္တီးမြို့နယ်၌ မိုးစပါးဧက ၈၃၅၀ စိုက်ပျိုးရန် လျာထားပြီး ဇွန်လမှစတင်၍ ပျိုးထောင်စိုက်ပျိုးကြမည်ဖြစ်ကာ စက်တင်ဘာလအထိ စိုက်ပျိုးကြမည်ဖြစ်သည်။

"ခန္တီးမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါးဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မိုးစပါး သတ်မှတ်လျာထားဧကပြည့်မီအောင် လိုအပ်တဲ့နည်းပညာနဲ့ မျိုးရရှိအောင်ဆောင်ရွက်ပေးမှာပါ။ တောင်သူတွေ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်သွားမှာပါ"ဟု ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုခိုင်ကပြောသည်။

ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီက ခန္တီးမြို့နယ်၌ မိုးစပါးဧက ၈၃၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလအထိ စိုက်ပျိုးခဲ့ရာ ၈၂၇၉ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ခန္တီးမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေးနှင့် ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် မိုးစပါးစိုက်ပျိုးရာတွင် ဆင်းဧကရီ-၃၊ ဧရာမင်း၊ မော်ဘီ-၂ နှင့် ဒေသစပါးမျိုးများကို စိုက်ပျိုးကြပြီး မိုးစပါးများကို ချောင်းပိတ်၊ မြောင်းပိတ်၊ မိုးကောင်းသောက်၊ သဘာဝရေဝင်၊ ဆည်ရေ၊ ကန်ရေတို့ဖြင့် စိုက်ပျိုးကြကြောင်း သိရသည်။

ခန္တီးမြို့နယ်၌ မိုးစပါးစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ ပိုးမွှားကျရောက်မှုမှကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် သဘာဝမြေဩဇာများသုံးစွဲရန် စသည့်လုပ်ငန်းများအတွက် နည်းပညာများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

ကြို့ပင်ကောက်၊ စိမ်းလန်းစိုပြည်ရေး

# ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးဌာနမှ ဒေသတွင်း စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ပေါင်းလေးသောင်း ပျိုးထောင်ထားရှိ



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ဒေသတွင်းစိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ပေါင်းလေးသောင်း ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် ဒေသတွင်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးရန် ရန်ကုန်-ပြည်ကားလမ်း မကျီးကုန်းပျိုးဥယျာဉ်၌ ကျွန်း ၂၀၀၀၀၊ မန်ကျည်းရှား ၁၄၁၀၀၊ ပျဉ်းကတိုး ၁၀၀၀၊ မဟော်ဂနီ ၁၅၀၀၊ ယမနေ ၅၀၀၊ ရင်းမာ ၅၅၀၊ ဝါး ၈၀၊ ပျဉ်းမ ၅၀၀၊ မရန်း ၆၀၊ ပေါက်ပန်းဖြူ ၄၀၊ ဒန့်သလွန် ၅၀၊ ဆီးဖြူ ၂၀၊ ဇာဒ် ၁၀၀၀ နှင့် မြန်မာကုက္ကို ၆၀၀ တို့ကို ပျိုးထောင်ထားရှိကြောင်း သိရသည်။

အဆိုပါပျိုးထောင်ထားရှိသော ပျိုးပင်များကို မြို့နယ်အတွင်းရှိ ဒေသခံများ၊ ဌာနဆိုင်ရာရုံးများ၌ စိုက်ပျိုးနိုင်ရေး အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများလည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ဒေသတွင်းစိမ်းလန်းစိုပြည်ရေးအတွက် ပျိုးထောင်ထားရှိသောပျိုးပင်များကို ယခုမိုးရာသီကာလအတွင်း စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဖေယျာထွန်း(ကြို့ပင်ကောက်)**

သရက်၊ ကျေးလက်ဖွံ့ဖြိုးရေး

# သရက်မြို့နယ် စခန်းကြီးကျေးရွာ၌ မြေသားရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်းမငယ်ကျေးရွာအုပ်စု စခန်းကြီးကျေးရွာ၌ မြေသားရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇွန်လ ၅ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးဝင်း၊ သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက စခန်းကြီးကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် ၉၈၀၀၀ ကုဗပေရှိ မြေသားရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

စခန်းကြီးကျေးရွာ၌ မြေသားရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၁၀ ဒသမ ၂၉ သန်းဖြင့် အဆိုပါဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်း၍ ယခုနှစ် မေလစတုတ္ထပတ်ကစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါမြေသားရေကန် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ထောင်စုဝင်များ သောက်သုံးရေဖူလုံစွာရရှိမည့်အပြင် ကျွဲ၊ နွားတိရစ္ဆာန်များအတွက်ပါ အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ**

မအူပင်၊ စီးပွားရေး

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း သီးထပ်ရင်စပါးတင်းရေ ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း သီးထပ်ရင်စပါးတင်းရေ ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်မြတ်မြတ်၏ပြောဆိုချက်အရ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက သီးထပ်ရင်စပါးတင်းရေ ၅၅၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း သီးထပ်ရင်စပါးတင်းရေ ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။


"မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မေလအတွင်း သီးထပ်ရင်စပါးတင်းရေ ၈၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ စပါးအပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်လိုအားများနေလို့ တင်ပို့အားတက်လာတာဖြစ်ပါတယ်။ လက်ရှိ စပါးဈေးကလည်းကောင်းနေပါတယ်။ သီးထပ်ရင်စပါးက ဆန်ကြမ်းအမျိုးအစားထဲမှာပါတယ်" ဟု ဒေါ်မြတ်မြတ်ကပြောသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၂၀၈၀၀၀၀ အထိ ဈေးရှိခဲ့ကြောင်း သိရသည်။

အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် စိုက်ပျိုးသူတောင်သူများ၊ ဆန်၊ စပါးကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

မိုးလေဝသ သတင်း



နေပြည်တော် ဇွန် ၅

# မဟာအောင်မြေမြို့နယ်ရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြားထုတ်ပေးနေမှုနှင့် Biometric ကောက်ယူမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုအားပေး



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ မြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် Biographic နှင့် ဇီဝဆိုင်ရာအချက်အလက် Biometric ကောက်ယူကာ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးနေမှုကိုကြည့်ရှုကာ လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Unique ID နံပါတ်လာရောက် ဆောင်ရွက်ကြသူ ပြည်သူများအား လုပ်ငန်းဆိုင်ရာအခက်အခဲများကို မေးမြန်းဆွေးနွေး၍ UID နံပါတ်ရရှိပြီးပါက ပြည်သူများရရှိခံစားနိုင်မည့် အကျိုးကျေးဇူးများနှင့် စနစ်တကျကိုင်တွယ်ထိန်းသိမ်းနိုင်ရေးတို့ကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးအတွင်း၌ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ လဲလှယ်လျှောက်ထားသူ ပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြားစိစစ်ဆောင်ရွက်ပေးပြီး e-ID စနစ်အတွက် Biographic/ Biometric ကောက်ယူကာ UID နံပါတ်တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးရာတွင် နိုင်ငံသားကတ်ပြားမရှိသေးသူနှင့် လဲလှယ်လျှောက်ထားသူ စုစုပေါင်း ၃၅ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးကာ Biographic/ Biometric ကောက်ယူ၍ UID နံပါတ်တစ်ပါတည်းထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံသားကတ်ပြားရှိပြီးသူ ပြည်သူ ၂၈၀ ကို Biographic/ Biometric ကောက်ယူ၍ UID နံပါတ်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးအတွင်း စာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ရုံးချုပ်ခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံ၍ နောင်ကျင်းပမည့် ရွေးကောက်ပွဲအတွက် တိကျမှန်ကန်သည့်မဲစာရင်းပြုစုနိုင်ရေးလုပ်ငန်းကိုလည်း သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းကာ အထက်ဌာနအဆင့်ဆင့်သို့ တင်ပြအတည်ပြုချက်ရယူဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်အားလုံးသည် တစ်ခုနှင့် တစ်ခုဆက်စပ်ချိတ်ဆက်ဆောင်ရွက်ရပြီး နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး ယင်းလုပ်ငန်းစဉ်များ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်မြင်ရေးအတွက် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ဝန်ထမ်းများက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လုပ်ငန်းဆိုင်ရာအခက်အခဲများ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇွန် ၅

# ခရီးစဉ်ဒေသများတွင် One Tourist One Tree အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်စံပြကျေးရွာများတွင် လူထုအခြေပြု ခရီးသွားလုပ်ငန်း(Community Based Tourism-CBT)များကို ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ခရီးစဉ်ဒေသများတွင် One Tourist One Tree အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စံပြကျေးရွာများတွင် လူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism- CBT) များကို ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စံပြကျေးရွာများအနက် အလားအလာရှိသော ကျေးရွာများကို စနစ်တကျရွေးချယ်ပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်နိုင်ရန်နှင့် ထိုအစီအစဉ်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ခရီးစဉ်ဒေသများတွင် One Tourist One Tree အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စံပြကျေးရွာများတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism-CBT)များကို ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများအနေဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနောင်နောင်လင်းအောင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာအေးတို့က ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ လူထုအခြေပြုခရီးသွားလုပ်ငန်း(CBT) အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် "One Tourist One Tree" အစီအစဉ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက စံပြကျေးရွာများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် One Tourist One Tree အစီအစဉ်နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကိုသက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။




**(သတင်းစဉ်)**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

○ **ကျောဖုံးမှအဆက်**

နိုင်ငံတော်၏စီးပွားရေးအတွက် အရေးကြီးကဏ္ဍများကို ချေးငွေအမျိုးမျိုးထုတ်ချေးခြင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းများဖြင့် ငွေကြေးဝန်ဆောင်မှုများဆောင်ရွက်ခြင်း၊ ကုန်သွယ်ရေးကဏ္ဍအတွက် ငွေကြေးထောက်ပံ့ခြင်း၊ MSMEs လုပ်ငန်းများကို ငွေကြေးထောက်ပံ့ခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ငွေပေးချေမှုများဆောင်ရွက်ခြင်းစသည့် ဘဏ်ဝန်ဆောင်မှုများစွာ ပံ့ပိုးပေးလျက်ရှိကြောင်းကို ပြည်သူများစိုးရိမ်မှုမရှိစေရန် မကြာခဏထုတ်ပြန်ပေးနေပါသည်။

ယခုအခါ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုမလိုလားသော အဖျက်သမားမီဒီယာများနှင့်အဖျက်သမားအုပ်စုသည် Facebook Page များဖြစ်သော Yan Paing Soe၊ Dean Kyne၊ YouTube Channel များဖြစ်သော Yebaw Shan Lay၊ Big Boss၊ Rc David၊ Khit Thit Media တို့သည်လည်း မဟုတ်မမှန်သတင်းများထုတ်လွှင့်ပြီး နိုင်ငံ့စီးပွားရေးနှင့် ငွေကြေးတည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် သွေးထိုးလှုံ့ဆော်မှုများဆောင်ရွက်လျက်ရှိနေကြောင်း တွေ့ရှိရပါသည်။ ထိုသို့အဖျက်သမားများက အစိုးရနှင့် အများပြည်သူအကျိုးစီးပွားထိခိုက်စေရန်ရည်ရွယ်၍ မကြာခဏရေးသားဖြန့်ဝေနေသောလူမှုကွန်ရက်စာမျက်နှာများကို လက်ခံယုံကြည်ခြင်းမရှိရန်နှင့် စိုးရိမ်ပူပန်စရာမလိုကြောင်း ပြည်သူလူထုအနေဖြင့်လည်း အဖျက်သမားမီဒီယာများ၊ အဖျက်သမားအုပ်စုများကို ဝိုင်းဝန်းတိုက်ဖျက်ရန်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

သို့ပါ၍ ပြည်သူများအနေဖြင့် အဖျက်သမားများ၏ လှုံ့ဆော်ရေးသားမှု၊ ပြောကြားမှုများကို စိုးရိမ်စရာမလိုဘဲ ဘဏ်များအပေါ် ယုံကြည်စိတ်ချစွာဖြင့် ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ရယူသုံးစွဲနိုင်ပါကြောင်း၊ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်သူများ၏ အပ်နှံငွေများကို အပြည့်အဝအကာအကွယ်ပေးထားပါကြောင်း** ထပ်မံအသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**(၅-၆-၂၀၂၄)**

၅-၆-၂၀၂၄

## ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ပခုက္ကူ | ၄၀ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | ဆင်ဖြူကျွန်း | ၃၇ ဒသမ ၇ ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၉ ဒသမ ၇ ဒီဂရီဆဲလ်စီးယက် | မကွေး | ၃၇ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၉ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် | ဂန့်ဂေါ | ၃၇ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၉ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | မြင်းမူ | ၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၇ ဒသမ ၇ ဒီဂရီဆဲလ်စီးယက် | မင်းဘူး | ၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |

**နေပြည်တော်  ဇွန်  ၅**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပါသည်။ **(မိုး/ဇလ)**

# နိုင်ငံတော်ဘဏ္ဍာငွေအသုံးပြု၍ ဆောင်ရွက်ရသည့် စာအုပ်စာစောင်များပုံနှိပ်ခြင်းကို အစိုးရပိုင်ပုံနှိပ်စက်များတွင် စနစ်တကျအပ်နှံလုပ်ဆောင်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)ကျင်းပ



**နေပြည်တော်  ဇွန်  ၅**

နိုင်ငံတော်ဘဏ္ဍာငွေအသုံးပြု၍ ဆောင်ရွက်ရသည့် စာအုပ်စာစောင်များပုံနှိပ်ခြင်းကို အစိုးရပိုင်ပုံနှိပ်စက်များတွင် စနစ်တကျအပ်နှံလုပ်ဆောင်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကော်မတီဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ရှေးဦးစွာ အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးရဲတင့်က အစိုးရဌာနများမှ ရိုက်နှိပ်ရမည့် စာအုပ်စာစောင်များကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့တွင် အပ်နှံဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ညွှန်ကြားခဲ့ပါကြောင်း၊ ထို့ပြင် စာအုပ်စာစောင်များရိုက်နှိပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကကပြည်ကွပ်ကဲမှုအောက်ရှိ မြဝတီစာပေတိုက်တွင်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့ရှိ ပုံနှိပ်တိုက်များတွင်လည်းကောင်း၊ သာသနာရေးဦးစီးဌာနရှိ ကမ္ဘာ့အေးစာပုံနှိပ်တိုက်တွင်လည်းကောင်း လုပ်ငန်းအပ်နှံနိုင်ရေးဆက်သွယ်ဆောင်ရွက်ရန်နှင့် မဖြစ်မနေအခြေအနေမှသာ ပြင်ပ၌ ရိုက်နှိပ်နိုင်ရေးဆောင်ရွက်ရန် ထပ်ဆင့်ညွှန်ကြားခဲ့ပါကြောင်း၊ ညွှန်ကြားချက်အပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အစိုးရဆိုင်ရာ ပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းပေးခဲ့ကြောင်း။

ဧပြီလ ၃၀ ရက်တွင် ပထမအကြိမ်ကော်မတီအစည်းအဝေးကျင်းပခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်အရ ပုံနှိပ်ပေးရမည့် ဌာနများမှ ပုံနှိပ်ပေးနိုင်မည့်အခြေအနေကို တောင်းခံခဲ့ပြီး အကြောင်းပြန်ကြားချက်များလည်း ရရှိခဲ့ပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေအသုံးပြု၍ ရိုက်နှိပ်ရမည့်စာအုပ်စာစောင်များကို အစိုးရပိုင်ပုံနှိပ်စက်များတွင် ရိုက်နှိပ်နိုင်ရန်၊ စက်များကို စွမ်းအားပြည့်လည်ပတ်နိုင်အောင်ဆောင်ရွက်ပြီး ဝင်ငွေတိုးတက်ရရှိစေရန်နှင့် ကုန်ထုတ်လုပ်မှုတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာများမှ အပ်နှံနိုင်မည့် လုပ်ငန်းပမာဏများကို တင်ပြကြစေလိုကြောင်း၊ လက်ရှိတွင်လည်း ဌာနဆိုင်ရာများက ပုံနှိပ်အပ်နှံမှုများ ယခင်ကထက်ပိုမိုများပြားမှုရှိလာပါကြောင်း၊ အလားတူ ကကပြည်နှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပုံနှိပ်တိုက်တို့သို့လည်း ဆက်သွယ်အပ်နှံမှုများရှိလာပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် ပုံနှိပ်လုပ်ငန်းဆောင်ရွက်ပေးရမည့်ဌာနများမှ တာဝန်ရှိသူများက ပုံနှိပ်ဆောင်ရွက်ပေးနိုင်မှုအခြေအနေ၊ ပညာရေးဝန်ကြီးဌာနမှ ကျောင်းသုံးစာအုပ်အပ်နှံမှု၊ နိုင်ငံတော်အဆင့် ဆောင်ရွက်ခဲ့သည့် ပုံနှိပ်လုပ်ငန်းများ၊ တပ်ဆင်ထားသည့်ပုံနှိပ်စက်များ၏ စက်စွမ်းအားနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှုပမာဏ၊ လုပ်ဆောင်ပေးနိုင်မည့် ပုံနှိပ်လုပ်ငန်းအမျိုးအစားများ၊ စက်ပစ္စည်းနှင့် ကုန်ကြမ်းအခြေအနေကန့်သတ်ချက်အရ ဆောင်ရွက်ခြင်းမပြုနိုင်သေးသည့်အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများက ပုံနှိပ်လုပ်ငန်းအပ်နှံနိုင်မည့် လုပ်ငန်းပမာဏနှင့် ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအနေဖြင့် ပုံနှိပ်လုပ်ငန်းများကို ဆောင်ရွက်ပေးမည့် အစိုးရပိုင်ပုံနှိပ်စက်များ၌ အပ်နှံကြရန်၊ အပ်နှံမည့်အမျိုးအစားအရေအတွက်စာရင်းကို ကြိုတင်ပေးပို့ကြရန်နှင့် ညွှန်ကြားချက်နှင့်အညီ ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားသည်။ **(သတင်းစဉ်)**

# Naypyitaw State Academy မှ သင်ကြားရေးရာ ဆရာ၊ ဆရာမများ၊ စီမံဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော်  ဇွန်  ၅**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အားကစားနည်းပြ မွမ်းမံသင်တန်း (၁/၂၀၂၄)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ အားကစားနည်းပြ၊ အားကစားမှူး၊ အားကစားတာဝန်ခံနှင့် သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်က ဤသင်တန်းမှ အားကစားနည်းအလိုက် မိမိမသိရှိသေးသည့်အကြောင်းအရာများ၊ အခေါ်အဝေါ်များ၊ ကစားနည်းအခြေခံနည်းစနစ်အကြောင်းအရာများ၊ နည်းစနစ်နည်းပရိယာယ်၊ နည်းဥပဒေများ၊ အသိပညာနှင့်ဗဟုသုတများတိုးပွားရရှိမည်ဟုယုံကြည်ကြောင်း၊ ယခုနှစ်တွင် အားကစားမှူးများ၊ အားကစားနည်းပြများ သက်ဆိုင်ရာတက္ကသိုလ်အသီးသီးကို ပြန်ရောက်လျှင် ကျောင်းဖွင့်ကာလ ကျောင်းတွင်းပြိုင်ပွဲများ လုပ်ဆောင်ရမည်ဖြစ်ပြီး နေပြည်တော်တွင် ဇူလိုင်လတွင် ကျင်းပမည့်ဇုန်အလိုက် ပြိုင်ပွဲများ၊ ကျောင်းပေါင်းစုံပြိုင်ပွဲများ လာရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းပြောကြားသည်။ ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးတို့က သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူကြသည်။ ထို့နောက် သင်တန်းသားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးများနှင့်ဧည့်သည်တော်များက သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းမြင့်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများနှင့်အတူ Naypyitaw State Academy သို့ ရောက်ရှိပြီး ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် Naypyitaw State Academy မှ သင်ကြား ရေးရာ ဆရာ၊ ဆရာမများ၊ စီမံဝန်ထမ်းများနှင့်တွေ့ဆုံ၍ ယမန်နေ့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နေပြည်တော်တွင် စဉ်းစားတွေးခေါ်မှုကိုအားပေးသော အရည်အသွေးပြည့်ဝသည့် သင်ကြားသင်ယူမှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကိုမြှင့်တင်ပေးနိုင်မည့်အဆင့်မြင့်ပညာရပ်များသင်ယူရာ တက္ကသိုလ်တစ်ခုအဖြစ်ရည်မှန်းပြီး Naypyitaw State Academy ဖွင့်လှစ်ခဲ့ခြင်းကို ထည့်သွင်းမိန့်ကြားခဲ့ကြောင်း၊ ရည်မှန်းချက်နှင့်အညီ သင်ကြားသင်ယူမှုအရည်အသွေးမြှင့်တင်ရေးအပြင် သုတေသနနှင့်တီထွင်ဆန်းသစ်မှုအားပေးရေးအတွက် ဝန်ကြီးဌာနနှင့်ပညာရှင်ပါမောက္ခများ လက်တွဲညီညီပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်းတိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နံနက်စာအတွက် သစ်သီးများ (Fruits for breakfast)



နံနက်စာအတွက် ကြက်ဥနဲ့ပေါင်မုန့် မီးကင်ပြီးစားနေတာလား။ အံ့အားသင့်ဖွယ်ကောင်းကျိုးပေးတဲ့ သစ်သီးတွေကို ပေါင်းစပ်စားသုံးကြည့်သင့်ပါတယ်။ သစ်သီးတွေရဲ့ အရောင်၊ ပုံသဏ္ဍာန်နဲ့ အသား၊ အနံ့၊ အကြမ်း စတာတွေပေါ်မူတည်ပြီး အင်တီအောက်စီးဒင့်နဲ့ ဖိုင်တိုကမ်မီကယ်တွေ ပါဝင်မှုကွဲပြားပါတယ်။ စားသုံးလိုက်တဲ့ သစ်သီးအမျိုးအစားပေါ်မူတည်ပြီး အကျိုးရလဒ်တွေလည်း မတူညီပါဘူး။ သစ်သီးသုံးမျိုးကို နံနက်စာအဖြစ် ပေါင်းစပ်စားသုံးမယ်ဆိုရင် ရလာနိုင်တဲ့ ကောင်းကျိုးတွေက အံ့မခန်းပါပဲ။ ကျန်းမာစေတဲ့အပြင် အလှအပအတွက် အထောက်အကူဖြစ်စေတာကြောင့် နံနက်စာကို အတွဲအစပ်အတိုင်း စားသုံးကြစေလိုပါတယ်။

ရောင်ရမ်းမှုလျော့စေဖို့ ချယ်ရီသီး၊ နာနတ်သီး၊ ဘလူးဘယ်ရီသီးသုံးမျိုးကို ရောစပ်စားသုံးသင့်ပါတယ်။ နာနတ်သီးမှာ ဗီတာမင်စီနဲ့ ဘရိုမီလင်အင်ဇိုင်းတွေပါဝင်လို့ အူလမ်းကြောင်းရောင်ရမ်းမှုကို ကောင်းမွန်စေတယ်။ ကိုယ်ခံအားစနစ်ကို အားကောင်းစေတယ်။ အသားဓာတ်ချေဖျက်ဖို့ လှုံ့ဆော်ပေးတဲ့အာနိသင်တွေ ပေးနိုင်ပါတယ်။ ဘလူးဘယ်ရီသီးမှာ ဗီတာမင်အေ၊ ဗီတာမင်စီ၊ ဗီတာမင်အီး စတဲ့ အင်တီအောက်စီးဒင့်တွေများစွာပါဝင်တယ်။ ဘလူးဘယ်ရီသီးနဲ့ ချယ်ရီသီးမှာ နက်ပြာရောင်၊ အနီရောင်တွေကို ပေးစွမ်းနိုင်တဲ့ အဓိက အင်တီအောက်စီးဒင့်ဖြစ်တဲ့ Anthocyanin ပါဝင်ပါတယ်။

အဆိပ်အတောက်ပြေစေတဲ့ နံနက်စာအတွက်ဂိုဂျီဘယ်ရီ (Gojiberry)သီး၊ ဖရဲသီးနဲ့ သံပရာသီးစားသင့်တယ်။ ခန္ဓာကိုယ်ထဲက အဆိပ်အတောက်တွေကိုဖယ်ရှားဖို့ဆိုရင် ရေဓာတ်ပြည့်ဝဖို့လိုအပ်ပြီး အဲဒီအဆိပ်အတောက်တွေကို စွန့်ပစ်ဖို့လိုပါတယ်။ ဖရဲသီးမှာ ရေဓာတ် ၉၂ ရာခိုင်နှုန်းပါဝင်ပြီး အဆိပ်အတောက်ကင်းစင်စေတဲ့ဒြပ်ပေါင်းတွေပါဝင်ပါတယ်။ လိုင်ကိုပင်း (Licopin)နဲ့ ဗီတာမင်အေ၊ ဗီတာမင်စီတွေပါဝင်လို့ ဓာတ်တိုးပစ္စည်းတွေကို ဓာတ်ပြယ်စေပြီး အဆိပ်အတောက်ကင်းစင်စေပါတယ်။

သံပရာသီးရဲ့ အဆိပ်အတောက်ဖယ်ရှားပေးနိုင်တဲ့အာနိသင်က အမြင့်မားဆုံးဖြစ်ပြီး ဗက်တီးရီးယားနဲ့ ဗိုင်းရပ်စ်တွေကိုလည်း ဖယ်ရှားပေးနိုင်ပါတယ်။ သခွားသီး၊ မုန်လာရွက်တို့ကို သံပရာရည်ညှစ်ပြီး စားသုံးတာ၊ ရေနွေးနွေးထဲ သံပရာရည်ညှစ်ထည့်ပြီး သောက်တာတွေပြုလုပ်နိုင်ပါတယ်။

ဂိုဂျီဘယ်ရီသီးမှာ ဗီတာမင်အေ၊ ဘီ၊ စီနဲ့ အီး စတဲ့အင်တီအောက်စီးဒင့်တွေ ပါဝင်တဲ့အပြင် အသည်းမှာရှိတဲ့အဆိပ်အတောက်တွေကိုပါ ဖယ်ရှားရှင်းလင်းနိုင်ပါတယ်။

ကိုယ်ခံအားကောင်းစေဖို့ ဂရိတ်ဖရုသီး၊ ကီဝီသီး၊ စတော်ဘယ်ရီသီးတွေကို စားသုံးသင့်ပါတယ်။ ကီဝီသီးက ဗီတာမင်စီကြွယ်ဝပြီး ကိုယ်ခံအားစနစ်အတွက် အထောက်အကူဖြစ်စေပါတယ်။ ဓာတ်တိုးပစ္စည်းတွေကိုဓာတ်ပြယ်စေပြီး ကိုယ်တွင်းရောင်ရမ်းမှုတွေကို လျှော့ချပေးပါတယ်။ ဂရိတ်ဖရုသီးနဲ့ စတော်ဘယ်ရီသီးတွေမှာ ဗီတာမင်စီက လိမ္မော်သီးထက်ပိုမိုပါဝင်ပါတယ်။ ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေပြီး ဖျားနာတာမဖြစ်အောင်ကာကွယ်နိုင်ပါတယ်။ ဗီတာမင်အေနဲ့ စီနှစ်မျိုးစလုံးပါဝင်တဲ့အပြင် စတော်ဘယ်ရီသီးအစေ့ထဲမှာ သတ္တုဓာတ်တွေပါဝင်ပါတယ်။

အလှအပအတွက် နံနက်စာကို ဘလက်ဘယ်ရီ (Black Berry) သီး၊ သင်္ဘောသီး၊ သခွားမွှေးသီးတွေကို စားသုံးသင့်ပါတယ်။ သင်္ဘောသီးမှာ အင်တီအောက်စီးဒင့်များစွာပါဝင်ပြီး ကော်လာဂျင်ထုတ်လုပ်မှုကိုကောင်းမွန်စေတဲ့ အာဟာရဓာတ်လည်းပါဝင်ပါတယ်။ ပက်ပိန်း(Papain) အင်ဇိုင်းပါဝင်ပြီး အရေပြားပျက်စီးမှုကို ပြန်လည်ကောင်းမွန်စေပါတယ်။

ဘလက်ဘယ်ရီသီးက သကြားပါဝင်မှုနည်းပြီး အရသာရှိတဲ့သစ်သီးတစ်မျိုးဖြစ်ပါတယ်။ ဗီတာမင်အေနဲ့ ဗီတာမင်စီတို့ပါဝင်ပါတယ်။

သခွားမွှေးသီးမှာ ဘီတာကယ်ရိုတင်းပါဝင်ပြီး ခန္ဓာကိုယ်ထဲရောက်တဲ့အခါ ဗီတာမင်အေအဖြစ် ပြောင်းလဲသွားပါတယ်။ အသားအရေလှပစေတာ၊ ဆံသားသန်မာစေပြီး တောက်ပြောင်စေတာ စတဲ့ကောင်းကျိုးတွေရရှိနိုင်ပါတယ်။

အင်တီအောက်စီးဒင့် ကြွယ်ဝစေတဲ့ နံနက်စာမှာ သဖန်းသီး၊ စပျစ်သီးအနီနဲ့ တလည်းသီးတို့ပါဝင်ပါတယ်။ အဲဒီအသီးသုံးမျိုးမှာ အင်တီအောက်စီးဒင့်ကြွယ်ဝစွာပါဝင်ပြီး ရောဂါတွေကို တိုက်ထုတ်ပေးနိုင်ပါတယ်။ ဓာတ်တိုးပစ္စည်းတွေရဲ့ ခန္ဓာကိုယ်တွင်းပျက်စီးမှုတွေမဖြစ်အောင် ကာကွယ်ပေးတဲ့အပြင် အသားအရေလှပစေပြီး အရွယ်တင်နုပျိုစေပါတယ်။ အနီရောင်စပျစ်သီးမှာ အားကောင်းတဲ့ အင်တီအောက်စီးဒင့်ဖြစ်တဲ့ ရက်ဗာရက်ထရော (Resveratrol)ပါဝင်ပြီး အိုမင်းရင့်ရော်မှုကို တားဆီးပေးပါတယ်။ အမြင်အာရုံကောင်းမွန်စေပြီး ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်ကြည်လွှာပျက်စီးမှုမရှိအောင် ကာကွယ်ပေးပါတယ်။

တလည်းသီးမှာ အားကောင်းတဲ့ အင်တီအောက်စီးဒင့်ပါဝင်ပြီး အရေပြားကို ဓာတ်တိုးပစ္စည်းတွေရဲ့ဖျက်ဆီးမှုကနေ ကာကွယ်ပေးပါတယ်။

သဖန်းသီးမှာ ပိုတက်စီယမ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ သံဓာတ်၊ ကြေးနီဓာတ်တွေအပြင် ဗီတာမင်အေ၊ ကေ၊ အီး စတာတွေလည်းပါဝင်ပါတယ်။

နံနက်စာမှာ အဲဒီအသီးသုံးမျိုးကို စားသုံးမယ်ဆိုရင် ရောဂါဘယကင်းဝေးစေပြီး အရွယ်တင်နုပျိုလှပစေမှာဖြစ်ပါတယ်။

စွမ်းအင်ရရှိစေတဲ့နံနက်စာမှာ ငှက်ပျောသီး၊ ထောပတ်သီးနဲ့ ပန်းသီးတို့ပါဝင်ပါတယ်။

နံနက်စာမှာ စွမ်းအင်အပြည့်အဝရရှိအောင်စားသုံးထားမှသာ တစ်နေ့တာလုံး စွမ်းအင်အပြည့်နဲ့ အလုပ်လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ အာဟာရဓာတ်ကြွယ်ဝတဲ့ သစ်သီးတွေထဲမှာ ထောပတ်သီးက ထိပ်ဆုံးကပါဝင်ပါတယ်။ ထောပတ်သီးကို နံနက်စာအဖြစ်စားသုံးမယ်ဆိုရင် နာရီပေါင်းများစွာကြာအောင် စွမ်းအင်ပြည့်ဝစေတယ်။ ထောပတ်သီးမှာ ပါဝင်တဲ့အဆီတွေက အစာခြေစနစ်ကိုနှေးစေတာကြောင့် လေ့ကျင့်ခန်းပြုလုပ်ပြီးမှသာ စားသုံးသင့်ပါတယ်။

ငှက်ပျောသီးက စွမ်းအင်မြန်မြန်ပြည့်ဝစေပြီး အားကစားမပြုလုပ်ခင်မှာ စားသုံးဖို့သင့်တော်ပါတယ်။ ပန်းသီးမှာ အမျှင်ဓာတ် များစွာပါဝင်လို့ အချိန်အတော်ကြာကြာ ဗိုက်ပြည့်နေစေပါတယ်။ အဲဒီသစ်သီးသုံးမျိုးကို နံနက်စာအဖြစ်စားသုံးမယ်ဆိုရင် တစ်နေ့တာလုံး စွမ်းအင်အပြည့်အဝရရှိနိုင်မှာဖြစ်တယ်။

လတ်ဆတ်တဲ့သစ်သီးတွေကို အဆိပ်အတောက်ပါဝင်မှုနည်းတဲ့ ဒိန်ချဉ် ဒါမှမဟုတ် နို့နဲ့ရောဖျော်ပြီး သောက်နိုင်ပါတယ်။ စတော်ဘယ်ရီဖျော်ရည်၊ ငှက်ပျောသီးဖျော်ရည်တို့လို ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေနဲ့ဗီတာမင်အပြင် အိုမီဂါ(3) ဖက်တီးအက်စစ်(Fatty acid)ပါဝင်တဲ့ အသီးတွေဆို ပိုကောင်းပါတယ်။ (DHA-Docosahexaenoic Acid)ဆိုတဲ့ အိုမီဂါ (3) ဖက်တီးအက်စစ် (Fatty Acid) ပါဝင်တဲ့အသီးတွေဆို ပိုကောင်းပါတယ်။ ဒါတွေက ကလေးတွေအတွက် ဦးနှောက်နဲ့ အမြင်အာရုံဖွံ့ဖြိုးမှုကို အရေးပါတာကြောင့် ကလေးတွေစားသုံးမယ့် အစားအသောက်တွေထဲမှာ(DHA) မျှတစွာပါဝင်မယ်ဆိုရင် သင်ယူမှုစွမ်းရည်တိုးတက်စေပါတယ်။

အချုပ်အားဖြင့်ဆိုရရင် နံနက်စာကို အသီးအရောင်အသွေးစုံအောင် စားသုံးသင့်ပါတယ်။ ပန်းသီး၊ လိမ္မော်သီး၊ ဆီးသီး၊ ဖရဲသီး စတဲ့အရောင်စုံသစ်သီးတွေအားလုံး ရောစပ်ပြီး စားသုံးသင့်ပါတယ်။ နံနက်စာမှာ သစ်သီးတွေထည့်စားသုံးတာက ကျန်းမာရေးအတွက်သာမက မှတ်ဉာဏ်ကိုပါ ကောင်းမွန်စေတဲ့အတွက် ကျန်းမာရေးနဲ့ညီညွတ်ပြီး အရွယ်တင်နုပျိုစေဖို့ သစ်သီးတစ်မျိုးမပါမဖြစ် စားသုံးကြဖို့ လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

ဒေါက်တာလွင်သန့်

ကျောက်ဆည်၊ လူမှုရေး

## အခြေခံလျှပ်စစ်သံဂဟေဆက်ခြင်းနည်းပညာသင်တန်းနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းနည်းပညာသင်တန်းဆင်းပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)တို့ပူးပေါင်းဖွင့်လှစ်သော အခြေခံလျှပ်စစ်သံဂဟေဆက်ခြင်းနည်းပညာသင်တန်းနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းနည်းပညာသင်တန်းဆင်းပွဲကို ဇွန်လ ၄ ရက်က အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က ဒေသတွင်းလိုအပ်သည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းသားများအနေဖြင့် အသက်မွေးဝမ်းကျောင်းနည်းပညာများကို အလေးထားသင်ယူကြရန်၊ အသိပညာ၊ အတတ်ပညာများပြည့်စုံရေးအတွက် ကြိုးစားသင်ယူကြရန် ပြောကြားသည်။

ထို့နောက် အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဇာနည်ထွန်းက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များကို ကြိုတင်ပြင်ဆင်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သောသင်တန်းများအပြင် ဒေသတွင်းလိုအပ်ချက်နှင့်ကိုက်ညီသော သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်းနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဇာနည်ထွန်းနှင့် ဒုတိယကျောင်းအုပ်ကြီး ဦးသိန်းထွန်းအောင်တို့က သင်တန်းဆင်းလက်မှတ်ရရှိသူများကိုလည်းကောင်း၊ ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဝင်းက သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။

ချမ်းမြေ့

မြောင်းမြ၊ လှူမှုရေး

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့်ပြပွဲများကျင်းပ



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် အခြားအထွေထွေဗဟုသုတနှင့် စာဖတ်သည့်အလေ့အထများရရှိစေရန် ရည်ရွယ်၍ ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲများကို ဇွန်လ ၄ ရက် နံနက်ပိုင်းတွင် အခြေခံပညာမူလတန်းလွန်ကျောင်းဘုရားချောင်း (ရပ်)၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းကြိုင်က အဖွင့်အမှာစကားပြောကြားပြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။ ထို့နောက် မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ၊ လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားလာပြီး အသိပညာဗဟုသုတကြွယ်ဝလာစေရန်အတွက် စာဖတ်ဝိုင်းဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ စာအုပ်ပြပွဲများကိုဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **ဧယျာ(ပြန်/ဆက်)**

ပွင့်ဖြူ၊ လှူမှုရေး

# ပွင့်ဖြူမြို့နယ်၌ သီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေး အသိပညာပေးဆွေးနွေး

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် တောင်သူဖွံ့ဖြိုးရေးအဖွဲ့က ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်နှင့် သီးနှံများစိုက်ပျိုးရာတွင် စားသုံးသူပြည်သူများ အစားအစာဘေးကင်းလုံခြုံစေမည့်သီးနှံများ စနစ်တကျစိုက်ပျိုးလုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ဇွန်လ ၄ ရက် နံနက်ပိုင်းတွင် ပွင့်ဖြူမြို့နယ် ကံဆွယ်ကျေးရွာနှင့် ကျောက်ကုန်းကျေးရွာ၌ ဒေသခံတောင်သူများကိုတွေ့ဆုံ၍ ရေသွင်းနှမ်းစိုက်ပျိုးရေးနှင့်ပတ်သက်ပြီး သီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးဟောပြောကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်တောင်သူဖွံ့ဖြိုးရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်က တောင်သူများ သီးနှံဝင်ငွေတိုးပွားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ရည်ရွယ်ချက်၊ တောင်သူများအတွက် စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ အဆင်ပြေစွာဝယ်ယူသုံးစွဲနိုင်ရေး စိုက်ပျိုးရေးကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမှုအခြေအနေများ၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဆောင်ရွက်ရန်လုပ်ငန်းများ၊ စားသုံးသူပြည်သူများ အစားအစာဘေးကင်းလုံခြုံသော အရည်အသွေးမြင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး လိုက်နာရမည့်စိုက်ပျိုးရေးနည်းပညာများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံတောင်သူများက နွေသီးနှံရေသွင်းနှမ်းစိုက်ပျိုးဆောင်ရွက်ရာ၌ တွေ့ကြုံရသည့်လုပ်ငန်းအားသာချက်၊ အားနည်းချက်များနှင့် သီးနှံအထွက်နှုန်းကောင်းမွန်ရေးဆောင်ရွက်ရမည့်အချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးရာ တာဝန်ရှိသူများက ဒေသခံတောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားပြီး နွေသီးနှံပေါ်ချိန်၌ တောင်သူသီးနှံ စုပေါင်းရောင်းချပွဲပြုလုပ်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

တောင်သာ၊ လှူမှုရေး

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်လှစ်



မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို ဇွန်လ ၄ ရက် နံနက်ပိုင်းတွင် ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေဦးက သင်တန်းတွင်ဖွင့်လှစ်သင်ကြားမည့်ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၈ ဦးအား အဝတ်လျှော်ဆပ်ပြာ၊ ပန်းကန်ဆေးဆပ်ပြာနှင့် ခေါင်းလျှော်ရည်အမျိုးမျိုးပြုလုပ်ခြင်းသင်ခန်းစာများကို ဇွန်လ ၄ ရက်မှ ၁၃ ရက်ထိသင်တန်းကာလ ၁၀ ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မာ**

# ပျိုမျစ်ချိန်ခါ ပညာရှာ

➢ ပြည့်အနာဂတ်၊ ဦးဆောင်တတ်မည့်
ပန်းမြတ်လူငယ်၊ ကျောင်းနေရွယ်တို့
သိလွယ်မှားမှန်၊ ဆင်ခြင်ဉာဏ်ဖြင့်
နှိုင်းဖန်တတ်ရေး၊ မျှော်ရည်တွေးသည်
ဉာဏ်သွေးဖြိုးလျှံ တင့်တယ်ရန်။

➢ မိုးဦးဇွန်လ၊ ကျောင်းဖွင့်စ၌
ရွှန်းပကိုယ်စီ၊ ဆင်မြန်းညီစွာ
တူညီစိမ်းဖြူ လွယ်အိတ်ယူလျက်
စိတ်တူရိုင်းပင်း၊ သူငယ်ချင်းနှင့်
ပြုံးရင်းလှမ်းစို့ ကျောင်းတော်သို့။

➢ ကျောင်းနေအရွယ်၊ ကလေးငယ်တိုင်း
သိဖွယ်သုတ၊ ပြည့်စုံလှဖို့
လှံ့လစေလျှင်၊ ရှေ့မြော်မြင်လျက်
ဥယျာဉ်ပမာ၊ ကျောင်းသို့သာလျှင်
အပ်ကာနှံ့စို့ မိဘတို့။

➢ **"ပညာရွှေအိုး လူမခိုး"**မို့
ကြိုးစားသင်ယူ၊ မြတ်နိုးသူကား
ရန်မူနှောင့်ယှက်၊ ခံရလျက်တိုင်
မပျက်ဥစ္စာ၊ ကိုယ်ပိုင်ပါ၍
လွင့်ကွာမပျောက် ပမာကျောက်။

➢ မိဘဆရာ၊ ကျောင်းသားမှာလျှင်
ညီညာတြိဂံ၊ ဘက်သုံးတန်လုံး
ထိန်းမှန်ကြိုးစား၊ ပြည့်စုံထားသော်
ရွှေမြားလူငယ်၊ ထွန်းပေါက်လွယ်သည်
ဖြိုးကြွယ်လျှမ်းတောက် မိုးသို့ပေါက်။

➢ သြော်. . . .
**"ငယ်စဉ်အခါ ပညာရှာ"**မှ
ကြီးလာဖွံ့ဖြိုး၊ လူတောတိုးပြီး
မညှိုးမျက်နှာ၊ ပွင့်လန်းသာလျက်
**"ပညာရဲရင့် ပွဲလယ်တင့်"**၍
ဂုဏ်ဆင့်ဝေဆာ အောင်ကြောင်းဖြာ။
နောင်ခေတ်ချိန်မှာ သာဖို့ရာ။
ပျိုမျစ်ချိန်ခါ ပညာရှာ။ ။

**ကြေးမုံဖြိုးသန့်(ရွှေရတု)**

# (၁၃)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲတွင် မြန်မာဗိုဗီနမ်အားကစားအဖွဲ့ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်လေးခုဆွတ်ခူးရရှိ

**နေပြည်တော် ဇွန် ၅**

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ဇွန်လ ၁ ရက်မှ ၉ ရက်အထိကျင်းပလျက်ရှိသည့် (၁၃)ကြိမ်မြောက် အာဆီယံကျောင်းသား အားကစားပြိုင်ပွဲတွင် မြန်မာဗိုဗီနမ်အားကစား အဖွဲ့မှ အားကစားသမားအင်အား စုစုပေါင်း ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ(အမျိုးသမီး) တစ်ကိုယ်တော် လက်သိုင်းအပြပြိုင်ပွဲတွင် မယွန်းလဝန်းအိမ်ရွှေက ရွှေတံဆိပ်တစ်ခု၊ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားသုံးဦး လက်နက်ဖြင့်အပြပြိုင်ပွဲတွင် မနွေးလွန်းထက်၊ မောင်အောင်ပြည်စုံနိုင်၊ မောင်ကျော်ဇေရှင် နှင့် မောင်ပြည်စုံအောင်တို့အတွဲက ရွှေတံဆိပ်တစ်ခု၊ (အမျိုးသား) 54-60 kg အတိုက်ပြိုင်ပွဲတွင် မောင်ဝေယံကျော်က ငွေတံဆိပ်တစ်ခု၊ (အမျိုးသမီး) 45.0-50.9 kg ပြိုင်ပွဲတွင် မယွန်းပန်းသဇင် အောင်က ကြေးတံဆိပ်တစ်ခု၊ (အမျိုးသား) တစ်ကိုယ်တော်လက်သိုင်းအပြပြိုင်ပွဲတွင် မောင်နိုင်အောင်ရွှေက ကြေးတံဆိပ်တစ်ခု၊ (အမျိုးသမီးနှစ်ယောက်တွဲ) ဓားအတိုက်အပြ ပြိုင်ပွဲတွင် မဇင်လဲ့ဖြူနှင့် မကြယ်စင်လွင် တို့အတွဲက ကြေးတံဆိပ်တစ်ခု၊ (အမျိုးသား လေးယောက်တွဲ)လက်နက်မဲ့ အပြပြိုင်ပွဲတွင် မောင်မင်းခန့်နိုင်၊ မောင်နိုင်အောင်ရွှေ၊ မောင်ပြည်စုံအောင်နှင့် မောင်ကျော်ဇေရှင် တို့အတွဲက ကြေးတံဆိပ်တစ်ခုရရှိခဲ့ပြီး မြန်မာဗိုဗီနမ်အားကစားအဖွဲ့အနေဖြင့် စုစုပေါင်း ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် လေးခုဖြင့် စုစုပေါင်း ဆုတံဆိပ်ခုနစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရ သည်။

**ကျော်လွင်(မြဝတီ)**




## နေ့စဉ်ရွှေဆိုင်များဖွင့်လှစ်ခြင်း၊ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချခြင်းများဆောင်ရွက်ရန် YGEA အသိပေး

**ရန်ကုန် ဇွန် ၅**

ရွှေဈေးနှုန်းတည်ငြိမ်ရေးအတွက် ရွှေနှင့်ငွေ ကြေးဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ် ရေးလုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာဌာနဆိုင်ရာ များက ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ ရွှေဆိုင်များအနေဖြင့် နေ့စဉ်ရွှေဆိုင်များကို ဖွင့်လှစ် ခြင်း၊ သတ်မှတ်ဈေးနှုန်းဖြင့်ရောင်းချခြင်းများ ဆောင်ရွက်ပေးရန်အသိပေးကြောင်း ရန်ကုန်တိုင်း ဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း(YGEA) က ဇွန်လ ၅ ရက်တွင်ထုတ်ပြန်ထားသည်။

ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များ အသင်းက နေ့စဉ်ရောင်းချရမည့် ရွှေဈေးနှုန်းကို တစ်နေ့သုံးကြိမ် သတင်းထုတ်ပြန်ပေးလျက်ရှိပြီး ရွှေရောင်းချသည့်အခါတွင် သတ်မှတ်ဈေးနှုန်း အတိုင်း ရောင်းချရန် အသိပေးသည်ဟု YGEA ကထုတ်ပြန်ထားသည်။ ထို့ပြင် ထုတ်ပြန်ချက် အတွင်း ရွှေဆိုင်များကိုလည်း နေ့စဉ်ဖွင့်လှစ်၍ အရောင်းအဝယ်ပြုလုပ်ကြပါရန် အသိပေး ကြောင်း ဖော်ပြထားသည်။

သက်ဆိုင်ရာက လာရောက်စစ်ဆေးသည့်အခါ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း မရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်မည် ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်သည်ဟုလည်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်း၏ ထုတ်ပြန်ချက်၌ပါရှိသည်။

ရွှေဈေးအခြေအနေနှင့်ပတ်သက်၍တာဝန်ရှိ သူများက ရွှေဆိုင်လုပ်ငန်းရှင်အချို့ကို ခေါ်ယူ စစ်ဆေးခဲ့ပြီး တရားမဝင်ရွှေအရောင်းအဝယ် ပြုလုပ်သူ ၂၁ ဦးကို ဇွန်လ ၂ ရက်တွင် ဖမ်းဆီးခဲ့သည့် အပြင်ရွှေဈေးမြင့်တက်ရန်အတွက် နောက်ကွယ်မှ ဆောင်ရွက်နေသည့် ဝိန့်စိန်ရွှေဆိုင်၊ ဇွဲထက် ရွှေဆိုင်၊အောင်သမာဓိရွှေဆိုင်တို့မှတာဝန်ရှိသူများ အပါဝင် ထွက်ပြေးတိမ်းရှောင်သူ ၁၀ ဦးကိုလည်း အရေးယူနိုင်ရေးဆောင်ရွက်နေကြောင်း သိရ သည်။

**MT**



ရန်ကုန်မြို့ရှိ ရွှေအရောင်းဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

## ဆီဆိုင်မြို့၌ ဘုန်းတော်ကြီးကျောင်း၊ ဌာနဆိုင်ရာရုံးနှင့် ဒေသခံပြည်သူနေအိမ် ၂၉၅ လုံး လျှပ်စစ်မီးပြန်လည်ရရှိ

**ဆီဆိုင် ဇွန် ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ပြန်လည် ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြန်လည် ဝင်ရောက်နေထိုင်သည့် ဒေသခံ ပြည်သူများအား လျှပ်စစ်မီး ပြန်လည်ရရှိရေးအတွက် လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း များ ဆောင်ရွက်ပေးလျက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ဆီဆိုင်မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ် တာဝန်ခံနှင့် ဝန်ထမ်းများက ၃၃/၁၁ ကေဗွီ(၅)အေဗွီ မိန်းထရန် စဖော်မာတစ်လုံး၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၁၃ ခန်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၃၅၉ ခန်း၊ ချို့ယွင်း ပျက်စီးသည့် ၁၁/၀.၄ ကေဗွီ(၂၀၀) ကေဗွီ ထရန်စဖော်မာရှစ်လုံးတို့ကို ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ လက်ရှိ အချိန်တွင် မြို့ပေါ်ရှိ ဘုန်းတော် ကြီးကျောင်းများ၊ ဌာနဆိုင်ရာရုံး ခြောက်ရုံးနှင့် ဒေသခံပြည်သူ နေအိမ် ၂၉၅ လုံးတို့အား လျှပ်စစ် မီးပြန်လည်ရရှိ ထွန်းလင်းနေပြီ ဖြစ်သည်။ ဆက်လက်၍ လျှပ်စစ်မီး မရရှိသေးသည့် ဌာနဆိုင်ရာရုံးနှင့် ဒေသခံပြည်သူ နေအိမ်များအား လျှပ်စစ်မီးကြိုးသွယ်တန်း ပြုပြင် ခြင်းလုပ်ငန်းများကို ဆောင်ရွက် ပေးလျက်ရှိပြီး အဆိုပါလုပ်ငန်း များ ဆောင်ရွက်ပြီးစီးပါက လျှပ်စစ်မီးများ ဆက်လက်ဖြန့်ဖြူး ပေးမည်ဖြစ်ကြောင်း သိရသည်။

**နေမင်း(ဆီဆိုင်)**

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

နေပြည်တော် ဇွန် ၅

# ပြင်ဦးလွင်မြို့ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ သွားရောက်ကြည့်ရှုစစ်ဆေး



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(အလက-၁)နှင့် စာပန်းအိမ်ကိုယ်ပိုင်ကျောင်းများသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ တက်ရောက်ပညာသင်ကြားနေမှုကိုလှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်း၊ စာသင်ဆောင်များ၊ သင်ကြားသင်ယူနေမှုများ၊ ကျောင်းစာကြည့်တိုက်များနှင့် ကျောင်းဝင်းအတွင်း ဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုများ၊ ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းခန်းမတွင် ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အဓိကကျကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် ပညာတတ်မြောက်ရေးသည် အလွန်ပင်အရေးကြီးကြောင်း၊ နိုင်ငံအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်ပေးရေးအတွက် ပညာရေးကဏ္ဍအသီးသီးတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများအားလုံး တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းကြမှသာ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းရောက်ရှိရေးအတွက် စည်းရုံးဆောင်ရွက်ကြရန်နှင့် အနိမ့်ဆုံး KG+9 (အခြေခံပညာ အလယ်တန်းအဆင့်) ပြီးမြောက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများအတွက် ခရိုင်အလိုက်ဖွင့်လှစ်ထားရှိသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် မိမိတို့စိတ်ပါဝင်စားရာဘာသာရပ်အလိုက်တက်ရောက်သင်ယူနိုင်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများနှင့်ပတ်သက်၍ အလယ်တန်းအဆင့် ကျောင်းသားများကို ရှင်းလင်းပြောကြားပေးရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝသောပညာတတ်လူတော်လူကောင်းများ ပြုစုပျိုးထောင်မွေးထုတ်ပေးစေလိုကြောင်း၊ ပညာတတ်၍ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသော ကျောင်းသား၊ ကျောင်းသူများဖြစ်ပါမှ နိုင်ငံတော်က အားထားရသူများဖြစ်လာမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းအုပ်ကြီးများ၏ တင်ပြလာမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ မေလ ၂၃ ရက်မှ ဇွန်လ ၅ ရက်အထိ အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၆၇၉၂၃၆၂ ဦး လာရောက်အပ်နှံပြီးစီးခဲ့ပြီး ကျန်ရှိသည့်ကျောင်းသား၊ ကျောင်းသူများလည်း သက်ဆိုင်ရာကျောင်းများသို့ လာရောက်ကျောင်းအပ်နှံလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန် ဇွန် ၅

# ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ ၂၀၂၄ ခုနှစ် ငါးလတာအတွင်း ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း ၁၃၀၀၀ ကျော်ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃၁ ခုခွင့်ပြုပေး



ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၃၀၀၀ ကျော်ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃၁ ခု ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ယင်းကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် ဇန်နဝါရီလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခုနစ်ခု၊ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခု၊ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခု၊ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခု၊ မတ်လတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခု၊ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခု၊ ဧပြီလတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခု၊ ဖက်စပ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခု၊ မေလတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခုတို့ကို အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

အတည်ပြုပေးခဲ့သည့်လုပ်ငန်းများတွင် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်း၌ ၁၀၀ ရာခိုင်နှုန်းရောင်းချမည့် အထည်ချုပ်လုပ်ငန်းတွင် အသုံးပြုသော ပလတ်စတစ်အိတ်အမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ရော်ဘာသစ်အချောထည်များ ထုတ်လုပ်၍ ၁၀၀ ရာခိုင်နှုန်းပြည်ပတင်ပို့ခြင်းလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းတွင် အသုံးပြုသော Carton Box များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ ၁၀၀ ရာခိုင်နှုန်း ပြည်တွင်း၌ရောင်းချမည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဆန်အမျိုးမျိုးကြိတ်ခွဲတင်ပို့ရောင်းချခြင်းလုပ်ငန်း၊ ပြည်တွင်း၌ ၁၀၀ ရာခိုင်နှုန်းရောင်းချမည့် အားဖြည့်အချိုရည်အမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် သတို့သမီးဝတ်စုံနှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် နာရီလက်ပတ်ကြိုးအမျိုးမျိုး၊ သားရေလက်ပတ်ကြိုးနှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ၁၀၀ ရာခိုင်နှုန်းပြည်ပသို့တင်ပို့မည့် လူသုံးကုန် Fancy အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်း၌ ၁၀၀ ရာခိုင်နှုန်းရောင်းချမည့် ပလတ်စတစ်ဘူးအမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ပဲအမျိုးမျိုး၊ နှမ်းနှင့်ပြောင်း ကြိတ်ခွဲသန့်စင်ထုပ်ပိုး၍ ၁၀၀ ရာခိုင်နှုန်းပြည်ပတင်ပို့ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် စက္ကူအိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းများပါဝင်ကြောင်းလည်း သိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြောင့် ဇန်နဝါရီလတွင် ၆၅၅၁ ဦး၊ ဖေဖော်ဝါရီလတွင် ၉၄ ဦး၊ မတ်လတွင် ၂၈၄၃ ဦး၊ ဧပြီလတွင် ၁၉၅၂ ဦး၊ မေလတွင် ၂၃၀၁ ဦး စုစုပေါင်း ၁၃၇၄၁ ဦးအား ပြည်တွင်းအလုပ်အကိုင်များဖန်တီးပေးနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ သိရသည်။ **ဝန်းရံခ**

နေပြည်တော် ဇွန် ၅

# ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ မြန်မာနှင့်ဂျပန်အသင်းတို့ ယှဉ်ပြိုင်မှုအား မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲခြေစစ်ပွဲ၊ ဒုတိယအဆင့်အုပ်စုပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့်ဂျပန်လက်ရွေးစင်အသင်းတို့သည် ဇွန်လ ၆ ရက်**(ယနေ့)**ည ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါယှဉ်ပြိုင်ကစားကြပုံများကို ဇွန်လ ၆ ရက်**(ယနေ့)** ည ၆ နာရီ မိနစ် ၃၀ မှစတင်၍ MRTV-HD၊ MRTV Parliament Channel၊ မြန်မာ့အသံရေဒီယိုနှင့် MRTV APP: အပါအဝင် Online တို့မှ တစ်ပြိုင်တည်းတိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထိုသို့ထုတ်လွှင့်စဉ် MRTV-HD Channel ၌ ည ၈ နာရီသတင်းထုတ်လွှင့်မှုအား ပုံမှန်အတိုင်း ထုတ်လွှင့်မည်ဖြစ်၍ ဘောလုံးပွဲစဉ်ထုတ်လွှင့်မှုကို MRTV Parliament Channel တွင် ဆက်လက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9)ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။



## ပညာရေးဝန်ကြီးဌာန

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

- ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး။
- အနိမ့်ဆုံးအဆင့် KG+9 ပြီးမြောက်အောင်မြင်စေဖို့ တက်ညီလက်ညီဆောင်ရွက်စို့။
- အခြေခံပညာတတ်မြောက်ရေး အခမဲ့ပညာရေးဖြင့် မြှင့်တင်ပေး။


ရန်ကုန် ဇွန် ၅

# ရန်ကုန်မြို့၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို **"သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"** ဆောင်ပုဒ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးချုပ် ဦးစိုးသိန်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြသည်။

အခမ်းအနားတွင် ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guteress နှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး Ms. Inger Andersen တို့က သဝဏ်လွှာကို ဖတ်ကြားသည့် ဗီဒီယို၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ရိုက်ကူးထားသည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် **"သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"** ဆောင်ပုဒ်အတွက် ပညာပေးဗီဒီယို၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆုရရှိသည့်ကျောင်းများ၏ ဆောင်ရွက်ထားရှိမှုမှတ်တမ်းဗီဒီယို၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအကောင်းဆုံးဆုရစက်ရုံများ၏ ဆောင်ရွက်ထားရှိမှုမှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။




ယင်းနောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပေးအပ်ပွဲကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက ၂၀၂၃-၂၀၂၄ ခုနှစ် အခြေခံပညာအထက်တန်းအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု ပထမနှင့် ဒုတိယရရှိသည့် ကျောင်းများကိုလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက စဉ်ဆက်မပြတ်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆုနှင့် ၂၀၂၃-၂၀၂၄ ခုနှစ် အခြေခံပညာအထက်တန်းအဆင့် သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဆု တတိယနှင့် အထူးဆုရရှိသည့်ကျောင်းများကိုလည်းကောင်း ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဆုရကျောင်းများ၊ စက်ရုံနှင့်ကျေးရွာတို့မှ ကိုယ်စားလှယ်များ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပြသထားသော ပြခန်းများအား လှည့်လည်ကြည့်ရှုသည်။

အစီအစဉ်ဒုတိယပိုင်းအနေဖြင့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော **"သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာ ပြန်လည်ပြုပြင်ပေး"** ဟူသော ခေါင်းစဉ်ဖြင့် နံနက် ၁၁ နာရီတွင် စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြို့ပြစီမံကိန်းဌာန (YCDC)၊ ရန်ကုန်တက္ကသိုလ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးစကားဝိုင်းဆွေးနွေးခြင်းကိုလည်းကောင်း ကျင်းပသည်။

စကားဝိုင်းဆွေးနွေးခြင်းအစီအစဉ်တွင် Moderator အဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနိုင်ကဆောင်ရွက်၍ Panellist အဖြစ် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်မော်၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမွန်းနောင်ဇင်၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်ကြွယ်၊ မြို့ပြစီမံကိန်းဌာန(YCDC) ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) ဒေါ်ခိုင်မိုးညွန့်နှင့် ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာန ပါမောက္ခ ဒေါက်တာခင်ခင်စိုးတို့က ဆောင်ရွက်ခဲ့ကြခဲ့ကြောင်းသိရသည်။

**သိန်းဝင်း**

ပဲခူး ဇွန် ၅

# ပဲခူးမြို့၌ကျင်းပသည့် "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ်အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အားပေး



ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ်အခမ်းအနားကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လူသားတို့မှီတင်းနေထိုင်သည့် ကမ္ဘာကြီးထာဝစဉ်စိမ်းလန်းစိုပြည်ပြီး ဇီဝမျိုးစုံမျိုးကွဲများအပါအဝင် သဘာဝသယံဇာတများကိုထိန်းသိမ်းခြင်း၊ အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်ပြီး သန့်ရှင်းသာယာလှပသော ပတ်ဝန်းကျင်များ လက်ဆင့်ကမ်းပေးနိုင်ရေးအတွက် လူသားတိုင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ကျင့်သုံး၍ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများအား သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း ယှဉ်ပြိုင်ရာ၌ ပထမဆုရရှိကြသည့် ကျောင်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က စိမ်းလန်းစိုပြည်သောကျောင်း အထက်တန်းအဆင့် အထူးဆုရရှိသည့် ကျောင်းအားလည်းကောင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက စိမ်းလန်းစိုပြည်သောကျောင်း အလယ်တန်းအဆင့် အထူးဆုရရှိသည့် ကျောင်းအားလည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက စိမ်းလန်းစိုပြည်သောကျောင်း မူလတန်းအဆင့် အထူးဆုရရှိသည့်ကျောင်းအားလည်းကောင်း အသီးသီးဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များအား ပေးအပ်ချီးမြှင့်ခဲ့သည်။ ၎င်းနောက် တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီးက ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောစက်ရုံ/အလုပ်ရုံဆုရရှိသည့် စက်ရုံတာဝန်ရှိသူများအားလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးဆုရရှိသူများအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းနှင့်ဂုဏ်ပြုဆုများအား ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Video Clip နှင့်ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သီချင်းတို့အား ကြည့်ရှုခဲ့ကြပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြကာ ပြခန်းအတွင်းပြသထားသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၄ ခုနှစ် ဇွန်လ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်သည် **"သဲကန္တာရတိုက်ဖျက်ရေးနှင့်မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေးမြေယာပြန်လည်ပြုပြင်ပေး"** ဖြစ်ကြောင်းသိရသည်။

**၄၀၁၊ တင်စိုး(ပဲခူး)**

# ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်၊ ပညာအသက် ဘဝတစ်သက် မှတ်လော့လူငယ်များ

နွေကုံကော်(မြို့လှ)

**“ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်၊ ပညာအသက် ဘဝတစ်သက်”**ဟူသည့် မှတ်သားဖွယ် အဆုံးအမကို နားထောင်မိသည်ကား ၂၀၂၄ ခုနှစ် မေလ ၂၉ ရက် ည ၈ နာရီသတင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် မေလ ၂၉ ရက် မွန်းလွဲပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သင်္ချေအရာရှိများ၊ ဗိုလ်လောင်းများနှင့်တွေ့ဆုံ အမှာစကားပြောကြားစဉ် **“မြန်မာစကားပုံတွင် ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်ဟူ၍ရှိကြောင်း၊ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲ အကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ ထို့ကြောင့် ပညာအသက်သည် ဘဝတစ်သက်ဖြစ်ကြောင်း”** ထည့်သွင်းမှာကြားခဲ့သည်ကို ရုပ်မြင်သံကြားမှတစ်ဆင့် မှတ်သားလိုက်ရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဩဝါဒကို သတင်းနားထောင်ရင်း မှတ်သားမိစဉ် ကျွန်တော့်အတွေးများထဲ ပညာနှင့်ပတ်သက်သည့် အဆိုအမိန့်များနှင့်ကဗျာလင်္ကာများကို အလိုလိုကြားယောင်မိခဲ့သည်။ ပညာနှင့်ပတ်သက်၍ ရှေးလူကြီးသူမများ ချန်ထားခဲ့ကြသည့် **“ပညာရဲရင့် ပွဲလယ်တင့်”၊ “ပညာရှာ ပမာသူဖုန်းစား”၊ “ပညာရွှေအိုး လူမခိုး”၊ “ပညာလို အိုသည်မရှိ”** စသည်တို့အပြင် **“ပညာပြည့်ဝ နှလုံးလှသော် ကိစ္စကြီးငယ် ဆောက်သဖွယ်လျှင် ကျဉ်းကျယ်ထွင်းဖောက် ဖြတ်တောက်လိုရာ ပြီးနိုင်စွာ၏။ ။”**ဟူ၍လည်းကောင်း ငယ်စဉ်ကတည်းက နားရည်ဝခဲ့သည့် ကဗျာ၊ လင်္ကာများကို ပြန်ကြားယောင်မိပါသည်။ တစ်ဆက်တည်းဆိုသလို လူငယ်တစ်ယောက်အနေဖြင့် စာပေလေ့လာမှုကြောင့် ငယ်စဉ်ကျောင်းသားဘဝက သူများထက် ရှေ့တန်းရောက်ခဲ့ပုံ၊ တပ်မတော်သားတစ်ဦးဖြစ်စေဖို့ စာပေက အထောက်အကူပြုခဲ့ပုံများကို ပြန်လည်သတိရမိသည်။ ကျောင်းစာအပြင် အားလပ်ချိန်တိုင်း ပြင်ပစာပေဖတ်ရှုမှု၊ ဝါသနာပါသော ဘောလုံးအားကစားမှ တစ်ဆင့် ဂျာနယ်များဝယ်ယူဖတ်ရှုမှုကြောင့် စာရေးသူ ရှစ်တန်း၊ ကိုးတန်းကျောင်းသားအရွယ်တွင် လန်ဒန်မြို့သာမက မန်ချက်စတာ၊ လီဗာပူး၊ မက်ဒရစ်၊ လစ္စဘွန်း၊ မီလန် စသောမြို့ကြီးများနှင့်ရင်းနှီးခွင့်ရခဲ့သည်။

**အရွယ်နှင့်သင့်လျော်သည့် အသိပညာ၊ အတတ်ပညာများကို မိဘများက သင်ကြားပေးရမည့် တာဝန်ရှိသည်။ အတတ်ပညာဟူသည် ခက်ခဲနက်နဲသည့် အတန်းပညာရပ်များကိုသာ ဆိုလိုသည် မဟုတ်၊ ယောက်ျားလေး၊ မိန်းကလေး သူ့တာဝန်နှင့်သူ အိမ်မှုတာဝန်များ တတ်သိနားလည်အောင် သင်ကြားပေးခြင်းသည်လည်း ပညာရှာဖွေခြင်း အခြေခံပင်ဖြစ်၏။**

ထိုအချိန်က ကျေးလက်တောရွာတွင် အင်တာနက်မဆိုနှင့်ဖုန်းသည်ပင် မြို့ပေါ်ရှိ အိတ်ချိန်းဖုန်းသာရှိပါသေးသည်။ ဘောလုံးအားကစားကို ဝါသနာပါရာမှ အားကစားသမားများနှင့် ယင်းတို့၏နိုင်ငံများကို သိရှိခွင့်ရခဲ့သည်။ အကျိုးဆက်အားဖြင့် ဗိုလ်သင်တန်းဝင်ခွင့်အတွက် လူတွေ့အင်တာဗျူးဖြေရသည့်အခါ အဆင်ပြေပြေဖြေဆိုနိုင်ခဲ့သည်။

စာရေးသူ၏မိတ်ဆွေ အမျိုးသမီးငယ်တစ်ဦးသည် **Broken Family** မှ ကြီးပြင်းခဲ့သူလေးဖြစ်၏။ သူမပြော၍သာ ထိုမိသားစုမှကြီးပြင်းခဲ့ကြောင်း သိရခြင်းဖြစ်၏။ အနေအထိုင်ရိုးသားဖြူစင်မှု၊ ဘဝကိုအောက်သက်ကျေပြီး ငွေကိုတန်ဖိုးထားမှု၊ ဂါရဝတရားရှိမှုတို့သည် မိသားစုပြဿနာရှိသောမိန်းကလေးတစ်ဦးမှဟုတ်ပါလေစဟု တွေးဖွယ်ရာဖြစ်သည်။ **“စာတွေဖတ်ပြီး စာအုပ်တွေထဲကသင်ခန်းစာယူခဲ့လို့ပါ”**ဟု သူမဘဝလမ်းကြောင်း မမှားခဲ့ပုံနှင့်ပတ်သက်ပြီးပြောပြသည်။ သူမလေး၏စိတ်ဓာတ်ကို လေးစားမိခဲ့ရသည်။ လူငယ်နှင့်အကျိုးပြုစာပေတွေ့ဆုံခြင်း၏ အကျိုးကျေးဇူးများပင်ဖြစ်သည်။

စာရေးသူတို့ လူမှုဝန်းကျင်တွင် **Broken Family** နှင့်ပတ်သက်၍ မကောင်းသောပုံရိပ်များကိုသာ အများစုမြင်တွေ့ခဲ့ရ၏။ **“မိတဆိုးလေး ဖတဆိုးလေး”** ဟူသည့်ခေါင်းစဉ်အောက်တွင် မျိုးဆက်သစ်တို့၏ စွမ်းရည်စွမ်းအားများ ပျောက်ဆုံးခဲ့ကြရသည်။ အရွယ်နှင့်သင့်လျော်သည့် အသိပညာ၊ အတတ်ပညာများကို မိဘများက သင်ကြားပေးရမည့်တာဝန်ရှိသည်။ အတတ်ပညာဟူသည် ခက်ခဲနက်နဲသည့် အတန်းပညာရပ်များကိုသာ ဆိုလိုသည်မဟုတ်၊ ယောက်ျားလေး၊ မိန်းကလေး သူ့တာဝန်နှင့်သူ အိမ်မှုတာဝန်များတတ်သိနားလည်အောင် သင်ကြားပေးခြင်းသည်လည်း ပညာရှာဖွေခြင်းအခြေခံပင်ဖြစ်၏။

**ပညာရှာ ပမာသူဖုန်းစား** ဟူ၍လည်း ပညာရှာဖွေခြင်းနှင့်ပတ်သက်၍ မရှက်မကြောက်၊ မငံ့မရဲဖြစ်စရာအကြောင်းမရှိဟု လမ်းညွှန်ပြသထားသည်။

ထို့ကြောင့်ပင် စာရေးသူတို့ ငယ်စဉ်ကသင်ကြားခဲ့ရသည့် လောကသာရပျို့တွင် **“ထုံးတီးနည်းနာ၊ အဖြာဖြာ၌၊ ပညာရှာမှီး၊ မကြီးသက်ရွယ်၊ အငယ်သော်က၊ ကြိုးလုံ့လလျက်၊ တုပ်ကွပုဆစ်၊ ဆရာစစ်၌၊ ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေဖြင့်၊ စာပေတတ်ကြောင်း၊ တချောင်းချောင်းလျှင်၊ ခြိမ်းမောင်းသည်းခံ၊ ဆရာထံ၌၊ သင်အံကျက်လေ့၊ တနေ့တပါး၊ မှတ်သားလေလေ၊ ဝမ်းထဲခွေ၍၊ အထွေအထူး၊ ဂုဏ်ကျေးဇူးကို၊ ဆည်းပူးသန့်ရှင်း၊ ကြွယ်စေမင်း။”** ဟု ဆိုခဲ့ခြင်းဖြစ်သည်။ လူငယ်အများစုသည် ဆယ်ကျော်သက်အရွယ်တွင် လေ့လာစူးစမ်းလိုစိတ်များပြင်းထန်ကြသည်။ သွေးသားအပြောင်းအလဲအရ ဆန့်ကျင်ဘက်လိင်တို့အပေါ် ရှက်တတ်ရွံ့တတ်သည့်စိတ်လည်း ဝင်လာတတ်ကြသည်။ စေတနာဖြင့် ပြောဆိုသင်ကြားပေးသည့် ဆရာများ၏ ဆူပူမာန်မဲမှုကိုလည်း ရင်မဆိုင်လိုကြပေ။ ထိုအခြေအနေမျိုးတွင် ပညာနှင့်ပတ်သက်သည့် သင်ယူတတ်မြောက်ခြင်းအခွင့်အလမ်းများ ဆုံးရှုံးတတ်ကြသည်။ **“စာရပေမယ့် အများရှေ့မှာရှက်လို့၊ ကြောက်လို့ မဖြေရဲလို့”** စသည့်စကားများကို စာရေးသူတို့ ကောင်းစွာနားရည်ဝခဲ့ကြဖူးသည်။

လူငယ်များ၏အားသာချက်သည် ရဲဝံ့တက်ကြွခြင်းပင်ဖြစ်သည်။ မည်မျှပင် ပြောဆိုမကောင်းသည့်လူငယ်၊ ဆိုးသွမ်းသည့်လူငယ်ဖြစ်နေပါစေ သူ့ထံတွင် အားသာချက်တစ်ခုခု၊ လူ့လောကအကျိုးပြုစေသည့် ကောင်းကွက်တစ်ခုခုတော့ရှိနေတတ်သည်။ သက်ဆိုင်သူ မိဘဆရာများက ရှာဖွေဖော်ထုတ်တတ်ကြဖို့သာလိုပါ၏။ လူငယ်နှင့်ပတ်သက်၍ မကြာခင်က ကြည့်ခဲ့ရသည့် တပ်မတော်နေ့အထိမ်းအမှတ်ဂုဏ်ပြုဇာတ်လမ်းတစ်ခုကိုသတိရမိသည်။ ပရိသတ်ရင်ထဲ ထိုးဖောက်ခဲ့သည့်ဇာတ်လမ်းမို့ အများသူငါမှတ်မိနေကြမည်ဟုထင်မိသည်။ **အနောက်မြောက်ယွန်းယွန်းမှသည် တိမ်ယံဆီသို့** ဇာတ်လမ်းထဲတွင် လူငယ်လေးတစ်ဦးသည် ပြောဆိုဆုံးမရခက်သည်။ ကျောင်းစာလည်း စိတ်မဝင်စား။ အင်တာနက်ဆိုင်သွားကာ ဂိမ်းပဲဆော့သဖြင့် ဖခင်ကအားမလိုအားမရဖြစ် မကြာခဏဆူပူရသည်။ သားဖြစ်သူကလည်း သူ့ကို ဖခင်က အထင်သေးသည့်အပေါ် စိတ်အလိုမကျ၊ သူ့မှာလည်းအစွမ်းအစရှိသည်ဟု ခံယူသည်။ ဤသို့ဖြင့် မိဘနှင့်သားသမီးကြား နားလည်မှုတည်ဆောက်ရခက်နေချိန်တွင် လူငယ်လေးအပေါ် နားလည်မှုဖြင့် ထိန်းကျောင်းတည့်မတ်ပြီး သူ၏အားသာချက်ကို ရှာဖွေဖော်ထုတ်နိုင်သည့် တပ်မတော်သားအရာရှိတစ်ဦးရောက်ရှိလာသည်။ လူငယ်လေးစွဲလမ်းနေသည့် ဂိမ်းကစားမှုအပေါ် အလိုက်သင့်နားလည်မှုပေးရင်း အချိန်ကာလတစ်ခုအထိ စိတ်ရှည်သည်းခံကာ လိုချင်သည့်လမ်းကြောင်းပေါ် ရောက်အောင် တပ်မတော်သားဆေးဗိုလ်ကြီးက ကြိုးစားခဲ့သည်။ တစ်နေ့ လူငယ်လေး၏အားသာချက်သည် ပန်းချီဆွဲသည့်ပညာဖြစ်ကြောင်း သိလိုက်ရချိန်မှစ၍ လမ်းစပျောက်နေသူလေးကို အနာဂတ်မျှော်လင့်ချက်ရောင်ခြည်များရိုက်သွင်းပေးခဲ့သည့် ဇာတ်လမ်းလေးကို ကြည့်ရင်း သားသမီးနှင့်မိဘများကြား ဖြစ်တတ်သည့်သဘောများနှင့် ဆရာများ၏ထိန်းကျောင်းတည့်မတ်မှုအရေးပါပုံတွေကို ဆင်ခြင်သုံးသပ်မိခဲ့သည်။

ပညာနှင့်ပတ်သက်၍ မှတ်မှတ်ထင်ထင်ရှိနေသည်မှာ စာရေးသူကို ပညာသင်ပေးခဲ့သည့် ငယ်ဆရာမတစ်ဦး၏ အဆုံးအမပင်ဖြစ်ပါ၏။ **ပညာဆိုတာ ရတဲ့နေရာယူ လိုတဲ့နေရာသုံး** ဟူသော ဆရာမ၏လမ်းညွှန်ချက်ကို ယနေ့ထက်တိုင် နာခံကျင့်သုံးခဲ့သည်။ သိထားတတ်ထားသော်လည်း ရှက်ကြောက်နေပါက တတ်မြောက်ထားသည်များ အချည်းနှီးဖြစ်ကာ အခွင့်အရေးကောင်းများဆုံးရှုံးရမည်ဖြစ်၏။ ယနေ့အချိန်တွင် နိုင်ငံတော်အနေဖြင့် အနာဂတ်နိုင်ငံတော်သစ်ကြီးဆီမျှော်မှန်းကာ လူငယ်ဗဟိုပြုလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးနေသည်ကို အားလုံးမြင်တွေ့ကြရပေမည်။ ကုန်လွန်ခဲ့ပြီးသော ဆယ်စုနှစ်များကနှင့်မတူတော့ဘဲ ဘက်စုံပညာသင်ယူနိုင်ရန် အခွင့်အလမ်းကောင်းများစွာကို ဖန်တီးပေးလျက်ရှိသည်မို့ လူငယ်တို့အနေဖြင့် ပညာ၏တန်ဖိုးကို သိရှိနားလည်ကာ ရောက်သည့်နေရာ ရသည့်အချိန်မှစ၍ မိုးရွာတုန်းရေခံ ဟူသောစကားနှင့်အညီ လိုက်ပါကြရမည်ဖြစ်သည်။ ထိုသို့ လူငယ်များပညာ၏တန်ဖိုးကို သိရှိနားလည်ပြီး လမ်းကြောင်းမှန်ပေါ် ရောက်စေရန် မိဘဆရာများကိုယ်တိုင် ပညာကိုချစ်ခင်လေးစားတန်ဖိုးထားကြရမည်မှာလည်း အခြေခံအကျဆုံးအချက်တစ်ချက်ပင်ဖြစ်ကြောင်း သတိပြုဖို့လိုအပ်ပေသည်။

တပ်မတော်သားများ ရှေ့တန်းထွက်ကြသည့်အခါ တောတောင်ထဲရှိသည့် သစ်၊ ဝါး၊ ကြိမ်နွယ်တို့ဖြင့် လူနေတဲများတည်ဆောက်ကြရသည်။ တောတွင်းအသီးအနှံများရှာဖွေလျက် ရိက္ခာနှင့်တွဲဖက်စားသောက်ကြရသည်။ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးအတွက် တောထဲ တောင်ထဲ လပေါင်းများစွာကြာသွားလာလှုပ်ရှားခြင်းဖြင့် တောတွင်းဗဟုသုတများစွာရရှိခဲ့ကြသည်။ ပင်လယ်တံငါတို့သည်လည်း ထိုနည်းအတိုင်းဖြစ်ပါ၏။ တက္ကသိုလ်တွင်မဟုတ်သည့် ဘဝဝမ်းစာပညာရပ်များသည် နေရာအသီးသီးတွင်ရှိနေသည်ကို ပြောလိုခြင်းဖြစ်သည်။ ကမ္ဘာဦးအစမှပင် ပညာ၏အခန်းကဏ္ဍသည်အရေးပါခဲ့သည်။ မီးကိုတွေ့ရှိမှုနှင့်အတူ လူ့ယဉ်ကျေးမှုတစ်ဆင့်မြင့်ခဲ့သည်။ ကျောက်တုံးကျောက်ခဲများမှ လက်နက်အဖြစ်ပြောင်းလဲနိုင်ရန်ကြိုးစားမှုသည်လည်း ပညာကြောင့်ပင်ဖြစ်ပေသည်။ ဆယ်စုနှစ်တစ်ခုပြီးတစ်ခုမှသည် ရာစုနှစ်များကို ကျော်ဖြတ်ခဲ့ကြသည်။ ကုန်လွန်ခဲ့သော ရာစုနှစ်များကိုပြန်ကြည့်မည်ဆိုလျှင် သူ့ခေတ်သူ့အခါလိုက် ပညာကိုအသုံးပြုလျက် စက်မှုထွန်းကားအောင်ကြိုးစားခဲ့ကြသည်ကိုတွေ့ရှိရပေမည်။ ပညာဖြင့် ရေကြောင်း၊ လေကြောင်းပညာများ သာလွန်အောင်ကြိုးစားပြီး စီးပွားရေးမှသည် နိုင်ငံရေး၊ စစ်ရေးအင်အားတောင့်တင်းခိုင်မာအောင်ဖန်တီးခဲ့ကြသည်။ အဆင့်မြင့်နည်းပညာများကို လေ့လာဖော်ထုတ်နိုင်ခဲ့ကြရာမှ အာကာသပညာ၊ နျူကလီးယား စွမ်းအင်ပညာများကိုပါ တီထွင်ဖော်ထုတ်နိုင်ခဲ့ကြပြန်သည်။ မည်သည့်ခေတ်ကာလတွင်မဆို ပညာသည်အရေးပါလျက်ရှိနေသည်။ ပညာသင်ယူရှာဖွေခြင်းနှင့်ပတ်သက်၍ နောက်ကျသည်ဟုမရှိပေ။ ထို့ကြောင့်ပင် **“ပညာလို အိုသည်မရှိ”** ဟုဆိုခဲ့ခြင်းဖြစ်၏။ အသက် ၈၀ နားရှိပြီဖြစ်သည့် စာရေးဆရာမကြီးတစ်ဦး ကွန်ပျူတာဖြင့်စာရိုက်တတ်အောင် ကြိုးစားသည်ဟု သိရသည်။ ရှေးယခင်က စာရေးဆရာကြီးများသည် လက်ရေးဖြင့်သာစာရေးကြ၏။ ယနေ့အချိန်ထိလည်း လက်ရေးမူဖြင့်သာ ရေးနေကြသူများလည်းရှိနေပါသေးသည်။ ကွန်ပျူတာ၏အားသာချက်များကြောင့် ရောက်သည့်အရွယ်မှစတင်သင်ကြားမည်ဟုဆုံးဖြတ်သည့် အဆိုပါစာရေးဆရာမကြီး၏စိတ်ဓာတ်ကို အားကျလေးစားမိပြန်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့်အတိုင်းပင် ပညာအသက်သည် တစ်ဘဝလုံးစာဖြစ်သည်။ တစ်ဘဝလုံးစာ စိတ်လက်အေးချမ်းစွာနေထိုင်နိုင်ဖို့ဆိုပါက သူ့အရွယ်နှင့်သူ ဆည်းပူးရမည့်ပညာများကို မပြတ်သင်ယူနေကြရမည်။ ယခုဆိုလျှင် ကျောင်းဖွင့်ရာသီရောက်ရှိပြီမို့ အနယ်နယ်အရပ်ရပ်မှ ကျောင်းအပ်နှံလျက်ရှိသည့် မြင်ကွင်းများကို အားရဖွယ်မြင်တွေ့နေရသည်။ ကျောင်းသားလူငယ်များသာမက ပြည်သူတစ်ရပ်လုံး စာပေဖတ်ရှုခြင်းဖြင့် ပညာပြည့်ဝတိုင်းပြည်အလှဆင်သူနိုင်သူများဖြစ်စေရန် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင်အားပေးဆောင်ရွက်လျက်ရှိနေသည်။ အသက်ရှင်နေသမျှကာလပတ်လုံး ပညာဖြင့်ကင်းကွာ၍မရသောကြောင့် **“မှတ်ဖွယ်မှတ်ရာ ထိုထိုစာကို ရှာ၍မပြတ် အိမ်တွင်ဖတ်”** ဟူသည့်အတိုင်း မိမိတို့ရောက်ရှိသည့် အရွယ်တိုင်းတွင် လေ့လာဆည်းပူးနေကြမှသာ ပညာဖြင့် ခေတ်မီတိုးတက်သောနိုင်ငံတော်သစ်ကြီးကို မလွဲမသွေတည်ဆောက်နိုင်လိမ့်မည်ဖြစ်ပေသည်။ ။

ရန်ကုန် ဇွန် ၅

# သီတဂူစက္ခုဒါနအဆင့်မြင့်ဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးခြင်း ဆက်လက်ဆောင်ရွက်



နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဆရာတော်ကြီးကိုယ်တိုင် ဦးဆောင်၍ သီတဂူမျက်စိအထူးကုအဖွဲ့မှ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုဆရာမများ၊ ခေတ်မီစမ်းသပ်စစ်ဆေးသော စက်ကြီးများဖြင့်အခမဲ့ခွဲစိတ်ကုသမှုများကို မေလ ၃၁ ရက်မှ ဇွန်လ ၇ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိရာ ဇွန်လ ၄ ရက်အထိ မျက်စိဝေဒနာရှင် ၁၈၆၇ ဦးကို စမ်းသပ်စစ်ဆေးပြီး မျက်စိဝေဒနာရှင် ၄၁၂ ဦးကို အမြင်အလှူပေးလှူခဲ့ကြောင်းသိရသည်။

ထိုသို့ အခမဲ့စမ်းသပ်ခွဲစိတ်ခြင်းများကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိ သီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) ရှစ်ထပ်ကျောင်းဆောင်၌ ဆောင်ရွက်ပေးလျက်ရှိရာ သီတဂူစက္ခုဒါနအဆင့်မြင့်ဆေးရုံကြီးသို့ အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင်များလာရောက်ပြသလျက်ရှိရာ ဇွန်လ ၄ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံရုံးမှတာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံ၏ အထူးကိုယ်စားလှယ်ကြီးများက လာရောက်လေ့လာကြည့်ရှုပြီး ဆရာတော်ကြီးအား ဖူးမြော်ကြသည်။

သီတဂူဆရာတော်ကြီးသည် ၁၉၉၀ ပြည့်နှစ် မတ်လ ၁၀ ရက်တွင် စစ်ကိုင်းတောင်ရိုး၌သီတဂူအာယုဒါနဆေးရုံတော်ကိုစတင်ဖွင့်လှစ်နိုင်ခဲ့ပြီး လက်ရှိတွင် သီတဂူဆေးရုံတော်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ဖွင့်လှစ်ပေးခဲ့ရာ ဆေးရုံတော်ပေါင်း ၄၄ ရုံအထိ ဖွင့်လှစ်ခဲ့ပြီး မျက်စိဝေဒနာရှင်ပေါင်းနှစ်သန်းကိုကြည့်ရှုပေးခဲ့ကာ ငါးသိန်းခန့်ကို မျက်စိအလင်းအလှူပေးနိုင်ခဲ့ကြောင်းသိရသည်။ **လင်းခန့်**

နေပြည်တော် ဇွန် ၅

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်များအား မျိုးစေ့ချကိရိယာများ ပေးအပ်ပွဲအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတက်ရောက်



ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်များသို့ မျိုးစေ့ချကိရိယာ(Seeder)များ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် သီးနှံစိုက်ပျိုးတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်း သီးနှံစိုက်စွမ်းအားဖွံ့ဖြိုးတိုးတက်စေရန် သီးထပ်၊ သီးညှပ်သုံးသီးအပြည့် စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ တောင်သူများအနေဖြင့် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစန်းလွင်က မျိုးစေ့ချကိရိယာ (Seeder) များ လိုအပ်မှု၊ ရရှိမှုအခြေအနေများနှင့် မိုးစပါးစိုက်ပျိုးရာသီတွင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ နေပြည်တော်စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဦးက Seeder ထုတ်လုပ်ပြီးစီးမှုနှင့် ရာသီချိန်အမီရရှိရေး ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက နေပြည်တော်အတွင်းရှိ မြို့နယ်အလိုက် မျိုးစေ့ချကိရိယာ (Seeder) များကိုပေးအပ်ရာ သက်ဆိုင်ရာမြို့နယ်များမှ တောင်သူများက လက်ခံရယူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မျိုးစေ့ချကိရိယာများအားလှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့အခမ်းအနားတွင် သီးနှံစိုက်ပျိုးတောင်သူများအတွက် မျိုးစေ့ချကိရိယာ (Seeder) ထောက်ပံ့ပေးအပ်မှုအနေဖြင့် လယ်ဝေးမြို့နယ်အတွက် ၉၂ ခု၊ ဒက္ခိဏသီရိမြို့နယ်အတွက် ၁၅ ခု၊ ဇေယျာသီရိမြို့နယ်အတွက် ၁၀ ခု၊ ပုဗ္ဗသီရိမြို့နယ်အတွက် ၁၆ ခု၊ တပ်ကုန်းမြို့နယ်အတွက် ၄၀ ခု စုစုပေါင်း ၁၇၃ ခုပေးအပ်ခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် အေလာအုပ်စု ရေလည်ကွေ့ကျေးရွာ အလင်းရောင်စာကြည့်တိုက်သို့ရောက်ရှိပြီး စာကြည့်တိုက်အတွင်း ကျောင်းသား၊ ကျောင်းသူများ စာပေလေ့လာဖတ်ရှုနေမှုကို ကြည့်ရှုအားပေးကာ စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့်စာအုပ်များအား ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် အေလာအုပ်စု ကွင်းအမှတ်(၁၇၃၅)ရှိ အေလာယာယီရေထိန်းဆည်မှ လျှပ်စစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးထားရှိသည့် နွေနှမ်း ၁၆၃ ဧက အောင်မြင်ဖြစ်ထွန်းနေမှု၊ အေလာအုပ်စု ရွာမရပ်ရှိ နေမျိုးထွန်းပဲမျိုးစုံခြွေလှေ့စက်ထုတ်လုပ်ရေးလုပ်ငန်းတွင် စပါးမျိုးစေ့ချကိရိယာများ ထုတ်လုပ်နေမှုနှင့် ဝက္ကမူကျေးရွာ ရွှေမှုရောင်ခြည်ဦးစာကြည့်တိုက်အခြေအနေများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇွန် ၅

# အင်းစိန်ဂျီတီအိုင်၌ EV ဆရာဖြစ်သင်တန်း (၁/၂၀၂၄)ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်အမှာစကားပြောကြား



လျှပ်စစ်သုံးယာဉ်ဆရာဖြစ်သင်တန်း (၁/၂၀၂၄)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ ကျင်းပရာ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ကျောင်းအုပ်ကြီးထံ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ချီးမြှင့်ပြီး EV အလုပ်ရုံရှိ အဆင့်မြင့်သင်ထောက်ကူပစ္စည်းများ၊ စက်မှုအင်ဂျင်နီယာဌာနအလုပ်ရုံရှိ စက်ရုပ်နှင့် ကျောင်းသားများက World Youth Skills Day 2024 Innovation Project ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့် Gasifier သုတေသနပရောဂျက် စတင်ဖွင့်လှစ်သည့်သင်တန်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုနှင့် ကျောင်းဥပမိရပ်တင့်တယ်စေရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(မင်္ဂလာဒုံ)သို့ရောက်ရှိပြီး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ **စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှရရှိသည့် ကုန်ကြမ်းများမှတန်ဖိုးမြှင့်ကုန်ထုတ် MSME လုပ်ငန်းများဖွံ့ဖြိုးရေးသည် ပြည်သူများ၏ စားရေရိက္ခာဖူလုံရေးနှင့် တိုင်းပြည်သာယာဝပြောရေးတို့အတွက် အခရာကျပါကြောင်း၊ ထို့ကြောင့်ပြည်သူ့အကျိုးပြုစက်မှုကျွမ်းကျင်လုပ်သားများ၊ နည်းပညာရှင်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်** မှာကြားပြီး စက်မှုဘာသာရပ်ကျောင်းသား၊ ကျောင်းသူများထံ ပုံနှိပ်စာအုပ်များနှင့်သင်ထောက်ကူပစ္စည်းများပေးအပ်ချီးမြှင့်သည်။

စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ယခင်ပညာသင်နှစ်က ၅၁ ကျောင်းဖွင့်လှစ်ပေးခဲ့ပြီး ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်းကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကာ စုစုပေါင်း ၈၅ ကျောင်း ဖွင့်လှစ်နိုင်ပြီဖြစ်သည်။

မွန်းလွဲပိုင်း၌ ဒုတိယဝန်ကြီးသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ စတင်ဖွင့်လှစ်သည့်သင်တန်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံပြီး **တိုးတက်ပြောင်းလဲမှုမြန်ဆန်နေသော နောက်ဆုံးပေါ် Digital Transformation ဆိုင်ရာ IT နည်းပညာအရွေ့နှုန်းနှင့်အတူလိုက်ပါနိုင်ရေးနှင့် နိုင်ငံ့အကျိုးပြု IT ပညာရှင်လူငယ်များဖြစ်စေရေးကြိုးပမ်းဆောင်ရွက်သွားရန်** တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောင်းသားများက နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်နေသည့် သုတေသနပရောဂျက်များကိုကြည့်ရှုအားပေးကာ **AI (Artificial Intelligence) ကို အသုံးချသည့် Smart Agriculture၊ Cyber Security၊ EV၊ Industrial Engineering၊ E-commerce နှင့် Healthcare ဆိုင်ရာသုတေသနများကို မြှင့်တင်ဆောင်ရွက်သွားရန်** မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# “သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး”

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားကို နှစ်စဉ် ဇွန်လ ၅ ရက်နေ့မှာကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့တက်ရောက်လာကြသော တာဝန်ရှိသူများနှင့်ဆုရရှိသူများ၏ တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ရပါသည်-



ဒေါက်တာဆန်းဝင်း



ဒေါ်မြင့်ဌေး



ဦးပြည့်ဖြိုးငြိမ်း



ဦးအောင်ရွှေ



မနေခြည်လင်း

**ဒေါက်တာဆန်းဝင်း (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညွှန်ကြားရေးမှူး)**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို နှစ်စဉ် ဇွန်လ ၅ ရက်နေ့မှာကျင်းပတာဖြစ်ပါတယ်။ ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာဖြစ်တဲ့ပြဿနာထဲက အလေးပေးသင့်တဲ့အချက်တွေကို ဆောင်ပုဒ်တွေနဲ့ အညီအသက်သွင်းပြီးကျင်းပလေ့ရှိပါတယ်။ ဒီနှစ်မှာတော့ “သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး” ဆောင်ပုဒ်နဲ့ ကျင်းပတာဖြစ်ပါတယ်။ မြေယာပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းကို ဆောင်ပုဒ်နဲ့အညီဆောင်ရွက်တာဖြစ်ပါတယ်။ ဒါတွေကိုမလုပ်ရင် အပင်တွေနဲ့ သတ္တဝါတွေကြီးထွားရှင်သန်မှုအလွန်ခက်ခဲတဲ့ သဲကန္တာရအဖြစ်ရောက်ရှိသွားမှာဖြစ်ပါတယ်။ ဒါတွေကို ပြည်သူလူထုအနေနဲ့ သိရှိနားလည်ပြီးတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်လာစေဖို့ စတဲ့ရည်ရွယ်ချက်နဲ့ ကျင်းပတာလည်းဖြစ်ပါတယ်။ ပြည်သူတွေကလည်း လက်ရှိတည်ရှိနေတဲ့ ပတ်ဝန်းကျင်မှာ ပေါက်ရောက်နေတဲ့ အထူးသဖြင့် သစ်တောဖုံးလွှမ်းမှု၊ သစ်ပင်ပေါက်ရောက်မှုတွေကို လက်ရှိအနေအထားထက်လျော့မသွားရအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့လိုပါတယ်။ နောက်ပြီး မြေပြင်မှာရှိတဲ့ မြေဆီလွှာတွေကိုလည်း ပိုမိုတိုးတက်ကောင်းမွန်အောင်ပြန်လည်ပြုပြင်ထိန်းသိမ်းသင့်ပါတယ်။ အဲဒီအထဲမှာမှ သစ်ပင်စိုက်ပျိုးတာလည်းပါဝင်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍအနေနဲ့ ဓာတ်မြေဩဇာမသုံးဘဲနဲ့ သဘာဝမြေဩဇာသုံးစွဲခြင်း၊ စွန့်ပစ်အမှိုက်တွေကိုလည်း စနစ်တကျစီမံခန့်ခွဲပြီးတော့မှ စွန့်ပစ်ပေးဖို့ ပြည်သူတွေကို တိုက်တွန်းနှိုးဆော်ပါတယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနအနေနဲ့ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်ပါတယ်။ ပထမအဆင့်အနေနဲ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကော်ပိုရေးရှင်းမှာ ကျွန်တော်တို့ဌာနက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ထားပါတယ်။ သဘောတူညီချက်နဲ့အညီ လုပ်ငန်းတွေကိုဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာကဏ္ဍအလိုက် ဝန်ကြီးဌာန၊ ဦးစီးဌာနတွေနဲ့ ညှိနှိုင်းပြီးတော့ လုပ်ဆောင်ပါတယ်။ ပူးပေါင်းဆောင်ရွက်တာ၊ အသိပညာပေးတာ၊ အကောင်အထည်ဖော်ဆောင်ရွက်တာတွေ စတဲ့နည်းလမ်းတွေနဲ့လုပ်ဆောင်ပါတယ်။ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ရာသီဥတုလျှော့ချရေး၊ ရာသီဥတုပြောင်းလဲမှုနဲ့ လိုက်လျောညီထွေဖြစ်စေရေး လုပ်ငန်းတွေရှိပါတယ်။ ဒီလိုမျိုးဖွံ့ဖြိုးမှုစီမံကိန်း လုပ်ငန်းတွေလုပ်ဆောင်တဲ့အခါမှာ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးလုပ်ငန်းတွေကို ထည့်သွင်းဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ အကြံပေးတိုက်တွန်းလုပ်ဆောင်မှုတွေ၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့နေထိုင်တဲ့ စကြဝဠာကြီးမှာတစ်ခုတည်းသောဂြိုဟ်ကမ္ဘာဖြစ်ပါတယ်။ တခြားဂြိုဟ်မှာ လူသားတွေ၊ သတ္တဝါတွေနေထိုင်လို့မရပါဘူး။ ဒါကြောင့် လက်ရှိနေထိုင်တဲ့ မိမိတို့ကမ္ဘာကို ကြီးထွားရှင်သန်ရာကမ္ဘာကို တန်ဖိုးထားပြီးတော့ ကိုယ့်ရဲ့ပတ်ဝန်းကျင်ကို ပျက်စီးယိုယွင်းစေတဲ့အချက်များကို မလုပ်ဆောင်ဖို့နဲ့၊ ဆောင်ရွက်နေတဲ့လူရှိရင်လည်း ဝိုင်းဝန်းပြီး အသိပညာပေးပြီး ညှိနှိုင်းဆွေးနွေးကြပါ။ တစ်ဦးချင်းအနေနဲ့စပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ပေးကြပါလို့ ပြောချင်ပါတယ်။

**ဒေါ်မြင့်ဌေး (မွန်ပြည်နယ် ပေါင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းအုပ်)**

၂၀၂၄ ခုနှစ်မှာ သန့်ရှင်းစိမ်းလန်းစိုပြည်သောကျောင်းဖြစ်ဖို့အတွက် ပညာရေးဌာနက ကျွန်မတို့ကျောင်းကိုရွေးချယ်လိုက်တာဖြစ်ပါတယ်။ ကျွန်မကိုယ်တိုင်ကလည်း ဝါသနာပါတဲ့အတွက်ကြောင့်လည်း ပါဝင်ဖြစ်ပါတယ်။ ကျွန်မတို့ကျောင်းမှာရှိတဲ့ ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသား၊ကျောင်းသူတွေလည်းပါဝင်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနရဲ့ လမ်းညွှန်မှုအောက်မှာ ကျောင်းသား၊ ကျောင်းသူတွေ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတတ်အောင် ကျောင်းမှာလေ့ကျင့်ပေးတယ်။ ကျောင်းမှတစ်ဆင့် မိမိတို့နေထိုင်တဲ့အိမ်၊ ရပ်ရွာတွေမှာ ထိန်းသိမ်းတတ်အောင်လည်း လေ့ကျင့်သွန်သင်ပေးပါတယ်။ ရပ်မိရပ်ဖတွေ၊ ကျောင်းအကျိုးတော်ဆောင်တွေ၊ ကျောင်းသားမိဘတွေလည်း ပူးပေါင်းဆောင်ရွက်ပါတယ်။ သစ်တောဌာနကလည်း သစ်ပင်တွေကို လာပေးပြီးကူညီပါတယ်။ ကျွန်မတို့ကလည်း ကျောင်းမှာ ကျောင်းသား၊ ကျောင်းသူတွေနဲ့စုပေါင်းပြီး သစ်ပင်စိုက်ပျိုးခြင်းတွေ၊ ပတ်ဝန်းကျင်သန့်ရှင်းစိမ်းလန်းစိုပြည်အောင်လည်း လုပ်ဆောင်ပါတယ်။ နောက်ပြီး စွန့်ပစ်ပစ္စည်းတွေကို မိဘအကျိုးတော်ဆောင်တွေရဲ့ကူညီမှုနဲ့ အုန်းမှုတ်ခွက်လုပ်ငန်းတွေ၊ စွန့်ပစ်ပစ္စည်းတွေနဲ့ ခြေသုတ်ဖုံ၊ တံမြက်စည်းတွေကို ကလေးတွေကိုသင်ပေးတယ်။ ကျောင်းမှာ ကလေးတွေက စွန့်ပစ်ပစ္စည်းတွေနဲ့ တတ်ကျွမ်းအောင်လုပ်တတ်ပြီး စွန့်ပစ်ပစ္စည်းတွေနဲ့လူသုံးကုန်ပစ္စည်းတွေလည်း လုပ်တတ်လာကြပါတယ်။ ကျွန်မတို့ကျောင်းက ၂၀၂၄ ခုနှစ်မှာ အမျိုးသားပထမအဆင့်သန့်ရှင်းရေး စိမ်းလန်းစိုပြည်သောအကောင်းဆုံးကျောင်းဆုအနေနဲ့ရရှိခဲ့ပါတယ်။ ကျွန်မတို့ကျောင်းလိုမျိုး မြန်မာနိုင်ငံတစ်ဝန်းမှာပေါ် ပေါက်လာပြီး ကျောင်းသား၊ ကျောင်းသူတွေကတစ်ဆင့် ရပ်ရွာ၊ ကျေးရွာ၊ မြို့နယ်တွေမှာ ပတ်ဝန်းကျင်သန့်ရှင်းစိမ်းလန်းစိုပြည်ဖို့ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြပါလို့ ပြောချင်ပါတယ်။

**ဦးပြည့်ဖြိုးငြိမ်း ( ကလော) မြို့နယ်အုပ်ချုပ်ရေးမှူး**

ကျွန်တော်တို့ကလောမြို့နယ်က ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အကောင်းဆုံးမြို့အနေနဲ့ဆုရရှိတာဖြစ်ပါတယ်။ ဒီဆုကို ရရှိတာက ဌာနဆိုင်ရာတွေ၊ ဒေသခံပြည်သူတွေနဲ့ ပူးပေါင်းပြီးဆောင်ရွက်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ အဓိကက ပတ်ဝန်းကျင်တစ်ခုလုံးကို စီမံခန့်ခွဲပြီးတော့ စိမ်းလန်းတဲ့မြို့ဖြစ်အောင် စီမံခန့်ခွဲခဲ့ပါတယ်။ ပထမဆုံးအကြိမ် ရရှိခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့မြို့က ခရီးသွားမြို့ဖြစ်တဲ့အတွက်ကြောင့် လူသိလည်းများပါတယ်၊ ဒီဆုကိုရရှိတဲ့အတွက် ဒေသခံတွေရဲ့ကိုယ်စား ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့နေထိုင်တဲ့ပတ်ဝန်းကျင်ကို စိမ်းလန်းအောင် ကျွန်တော်တို့ တည်ဆောက်မှရမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်သာယာလှပစိမ်းလန်းဖို့ အခုချိန်ကစပြီး ဝိုင်းဝန်းပြီးသစ်ပင်တွေစိုက်ပျိုးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ကျွန်တော်တို့မြို့လိုမျိုးဖြစ်အောင် အားလုံးဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ကြပါလို့ ပြောချင်ပါတယ်။

**ဦးအောင်ရွှေ (မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သံဖိုရွာသစ်ကျေးရွာ (ရွာခွဲတာဝန်ခံ))**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကျေးရွာ သန့်ရှင်းသာယာလှပတဲ့ဆုကို ပထမဆုံးရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးက အပူပိုင်းဒေသဖြစ်ပါတယ်။ သစ်ပင်ခုတ်လှဲမှု၊ ထင်းသုံးစွဲမှုတွေများတဲ့အတွက် အပူရှိန်ကမြင့်မားလာပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ကျေးရွာလူထုနဲ့ပူးပေါင်းပြီး ထင်းစိုက်ခင်းတွေ၊ သဘာဝသစ်တောစိုက်ခင်းတွေကို ထူထောင်စိုက်ပျိုးခဲ့ပါတယ်။ နောက်ပြီး ထင်းအစားထိုးလောင်စာသုံးစွဲဖို့အတွက် Biograph နည်းပညာတွေကိုသုံးစွဲခဲ့ပါတယ်။ မြေဆီလွှာထိန်းသိမ်းရေးအနေနဲ့ အော်ဂဲနစ်မြေဆီအမျိုးအစား သဘာဝမြေဩဇာသုံးစွဲဖို့အတွက်လည်း ဌာနဆိုင်ရာပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုမျိုးဆုရရှိတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်တို့လို ကျေးရွာတိုင်း၊ ကျေးရွာတိုင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့အရေးကြီးပါတယ်။ အပူပိုင်းဒေသတွေက သဘာဝပတ်ဝန်းကျင် သစ်တောထိန်းသိမ်းဖို့ ပိုပြီးလိုအပ်ပါတယ်။ အားလုံးပဲ သစ်တော၊ သစ်ပင်တွေကို ထိန်းသိမ်းရင်းနဲ့ ကမ္ဘာမြေကိုပူးပေါင်း ပါဝင်စောင့်ရှောက်ပါလို့ ပြောချင်ပါတယ်။

**မနေခြည်လင်း(တက္ကသိုလ်ကောလိပ် အဆင့် ဆောင်းပါးပြိုင်ပွဲ ပထမဆု)**

ကျွန်မက တက္ကသိုလ်ကောလိပ်အဆင့် ဆောင်းပါးပြိုင်ပွဲမှာ ပထမဆုရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ကျောင်း၊ ဌာနရဲ့ ဂုဏ်ကိုဆောင်ချင်တဲ့စိတ်နဲ့ ပထမဆုံး ရည်ရွယ်ချက်နဲ့ပါဝင်ယှဉ်ပြိုင်ဖြစ်တာပါ။ ဆောင်းပါးပြိုင်ဖို့အတွက် စာအုပ်တွေအများကြီးဖတ်ခဲ့ရတယ်။ အွန်လိုင်းကနေ အသိပညာရှင်တွေရဲ့ ဗဟုသုတတွေလည်း ဖတ်ရတယ်။ ရတနာပုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနရဲ့ ဆရာကြီး၊ ဆရာမကြီးတွေရဲ့ လမ်းညွှန်မှုလည်းပါလို့ ဒီလိုမျိုးဆုကိုရရှိခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး ပြည်သူတွေကိုအသိပေးချင်တာက နိုင်ငံတော်ကထုတ်ပြန်ထားတဲ့ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေအပြင် တစ်ဦးချင်းတစ်ယောက်ချင်း လိုက်နာဆောင်ရွက်ကြပြီး ပတ်ဝန်းကျင်လှပအောင်ဆောင်ရွက်သင့်တယ်လို့အကြံပြုချင်ပါတယ်ရှင့်။ နောင်လာနောက်သားတွေအနေနဲ့ နိုင်ငံတော်အကြီးအကဲတွေ၊ ရှေ့ကအစ်ကိုအစ်မတွေရဲ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်ချက်တွေ အတိုင်းပဲ လိုက်ပါလုပ်ဆောင်ကြပါလို့ အကြံပြုပြောကြားလိုပါတယ်။ ဒီလိုမျိုး နိုင်ငံတော်အဆင့်အခမ်းအနားမှာ ရတနာပုံတက္ကသိုလ်ကိုယ်စားပြုအနေနဲ့ဝင်ရောက်ယှဉ်ပြိုင်ပြီးတော့မှ ဆောင်းပါးပထမဆုရရှိခဲ့တဲ့အတွက်အထူးပဲဝမ်းသာဂုဏ်ယူမိပါတယ်။



မနန်းရတီ

**မနန်းရတီ(စာစီစာကုံးပထမဆု)**

ကျွန်မကတော့ Grade-12 မှာပညာသင်ကြားနေတဲ့ မနန်းရတီဖြစ်ပါတယ်။ ဒီလိုမျိုးအခမ်းအနားကို TV မှာမြင်ဖူးပါတယ်။ အရမ်းသဘောကျတယ်။ ဒီနှစ်မှာ ကျွန်မတို့ကျောင်းက ဝင်ပြိုင်ခွင့်ရတော့ ကျောင်းကဆရာမတွေရဲ့ လမ်းညွှန်မှုနဲ့ ကျွန်မ စာစီစာကုံးနဲ့ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တာပါ။ စာစီစာကုံးထဲမှာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်တာတွေ၊ သဘာဝတရားတွေပျက်စီးနေတာတွေ၊ အဲဒါတွေကို ဘယ်လိုပြုပြင်ထိန်းသိမ်းရမယ်။ နောက်ပြီး နိုင်ငံတော်အစိုးရက ဘယ်လိုကူညီပြုပြင်ပေးနေတာတွေကို ရေးသားခဲ့ပါတယ်။ ကျွန်မရရှိခဲ့တဲ့ဆုအမျိုးအစားက စာစီစာကုံးပထမဆုပါ။ ဒီဆုကိုရရှိဖို့ ကျွန်မရဲ့ မြန်မာစာဆရာမကနေ ဂိုက်လိုင်းပေးတယ်။ နောက်ပြီး ကျန်တဲ့ဗဟုသုတတွေကိုလည်း ရှာဖွေဖတ်ရှုရပါတယ်။ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစိမ်းလန်းစိုပြည်ဖို့ တစ်ဦးတစ်ယောက်ကနေစပြီး အားလုံးပူးပေါင်းပါဝင်မယ်ဆို ပိုမိုကောင်းမွန်တဲ့ကမ္ဘာကြီးဖြစ်လာမယ်လို့မြင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

**လဲ့ရည်အောင်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ၂၀၂၄ ခုနှစ်အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ဆုရရှိသည့် ရှမ်းပြည်နယ် ကလောမြို့မှ တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

**⏭ ရှေ့ဖုံးမှအဆက်**

ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးက အမှာစကားပြောကြားရာတွင် ကမ္ဘာ့တစ်ဝန်း ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဝိုင်းဝန်းပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရန် ၁၉၇၂ ခုနှစ်တွင် ကုလသမဂ္ဂလူသားနှင့် ပတ်ဝန်းကျင်ညီလာခံကိုကျင်းပခဲ့သည့် ဇွန်လ ၅ ရက်ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း။

ယခုနှစ်ဆောင်ပုဒ်ကို **"သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"** ဟု သတ်မှတ်ထားပါကြောင်း၊ သဲကန္တာရဖြစ်ထွန်းလာနိုင်ခြင်း၏ ရှေ့ပြေးလက္ခဏာများအနေဖြင့် အလွန်အမင်းခြောက်သွေ့ခြင်း၊ အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ခြင်းနှင့် ဆူးပင်များပေါက်လာခြင်းတို့ဖြစ်ကြောင်း၊ ထို့ကြောင့် လူဦးရေသန်းပေါင်းများစွာ၏အသက်မွေးဝမ်းကျောင်းနှင့် စားရေရိက္ခာများ ပြည့်ဝဖူလုံစေရန်နှင့် သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးတို့အတွက် မြေယာပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန် ယခုနှစ် အထိမ်းအမှတ်ဆောင်ပုဒ်ဖြင့် သတိပေး တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့်လည်း ကမ္ဘာနှင့်တစ်ဝန်း ရာသီဥတုပြောင်းလဲမှုနှင့်အတူ အပူချိန်မြင့်မားလွန်းခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မိုးများခြင်းနှင့် မိုးခေါင်ခြင်း စသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်ဆိုးကျိုးများကို ရင်ဆိုင်တွေ့ကြုံနေရကြောင်း၊ ယခုနှစ် ဧပြီလ ၂၈ ရက်က မကွေးတိုင်းဒေသကြီး ချောက်မြို့တွင်ဖြစ်ပေါ်ခဲ့သည့် အမြင့်ဆုံးအပူချိန် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယက်သည် လွန်ခဲ့သည့် ၅၆ နှစ်ကဖြစ်ပေါ်ခဲ့သည့် အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း ၄၇ ဒသမ ၄ ဒီဂရီဆဲလ်စီးယက်ထက်ကျော်လွန်ပြီး စံချိန်သစ်တင်ခဲ့ကြောင်း၊ အပူချိန်မြင့်တက်လာခြင်းနှင့်အတူ မြစ်၊ ချောင်း၊ အင်း၊ အိုင်များနှင့် ရေတွင်းရေကန်များတွင် ရေများလျော့နည်းလာခြင်း၊ ခန်းခြောက်သွားခြင်း၊ သောက်ရေသုံးရေရှားပါးခြင်း၊ ပူပြင်းခြောက်သွေ့မှုကြောင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပွားခြင်း၊ စိုက်ပျိုးသီးနှံများပျက်စီးခြင်းနှင့် သက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသူများ၊ ကိုယ်ခံအားနည်းသူများတွင် အသက်အန္တရာယ်ထိခိုက်သည်အထိ ကျန်းမာရေးဆိုင်ရာ ပြဿနာများဖြစ်ပေါ်စေခြင်း စသည့်အကျိုးဆက်များကို ခံစားနေကြရပါကြောင်း။

ရာသီဥတုပြောင်းလဲမှုကြောင့် သစ်ပင်သစ်တောများ နည်းပါးလာခြင်း၊ အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မြေဆီလွှာပျက်စီးပြီး သဲကန္တာရဖြစ်ထွန်းနိုင်မည့်အခြေအနေများကိုတွေ့မြင်လာရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ၁၉၉၇ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ကွန်ဗင်းရှင်း၏ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်ပါ ကတိကဝတ်များကို စီမံချက်များရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် သစ်တောစိုက်ခင်းများတည်ထောင် စိုက်ပျိုးခြင်း၊ သဘာဝတောကျန်များ ပြုစုထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းနှင့်စပ်လျဉ်းပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ပါဝင်သည့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ်ပေါင်း ၅၃ မြို့နယ်တို့တွင် ၁၉၉၇-၁၉၉၈ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ သစ်တောစိုက်ခင်းဧက လေးသိန်းကျော် စိုက်ပျိုးတည်ထောင်ခြင်း၊ သဘာဝတောဧက ၂ ဒသမ ၂၅ သန်းကို ကာကွယ်ထိန်းသိမ်းခြင်း၊ ထင်းအစားအခြားလောင်စာတိုးမြှင့်အသုံးချရေးနှင့် ရေရရှိရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

ခရိုင် ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်တမ်းနှစ်နှစ်အထက် ပျိုးသက်ရင့်ပျိုးပင်များနှင့် ရွာတစ်ရွာ ၂ ဧက စိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အပေါ် ၂၀၂၄ ခုနှစ် မိုးရာသီတွင် စိုက်ခင်းမျိုးစုံနှင့် တစ်ရွာ ၂ ဧက ကျေးရွာထင်းစိုက်ခင်းအပါအဝင် အပင်ပေါင်း နှစ်သန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ပြီး ကျေးရွာပေါင်း ၈၀၉ ရွာကို အကျိုးပြုစေမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် သစ်တောစိုက်ခင်းမျိုးစုံအပါအဝင် သစ်ပင်ပေါင်း ၂၂ သန်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် ၂၀၃၀ ပြည့်နှစ်တွင် ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောကို နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေကို နိုင်ငံ့ဧရိယာ၏ ၁၀ ရာခိုင်နှုန်း သတ်မှတ်ဖွဲ့စည်းရန် လျာထားဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီလအထိ သစ်တောနယ်မြေ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော ၁၃၀၄ ခု၊ နိုင်ငံ့ဧရိယာ၏ ၂၅ ဒသမ ၈၈ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၅၉ ခု၊ နိုင်ငံ့ဧရိယာ၏ ၆ ဒသမ ၄၂ ရာခိုင်နှုန်း ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ကာလခြောက်နှစ်ကျော်ခန့်အတွင်းတွင် လျာထားရည်မှန်းချက်ပြည့်မီအောင် ကာကွယ်ထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးပြုပြင်ခြင်းများကို ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေးအတွက် မြေယာပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ကြရာတွင် သစ်တောများ ထိန်းသိမ်းတည်ထောင်ခြင်း၊ အပူဒဏ်ခံနိုင်သည့်အပင်များနှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ရေချိုသယံဇာတများ ထိန်းသိမ်းခြင်းနှင့် ဓာတ်မြေဩဇာအစား သဘာဝမြေဩဇာများ ပိုမိုအသုံးပြုခြင်း စသည်များဖြင့် ပြုပြင်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် အမှိုက်များစနစ်တကျစွန့်ပစ်ခြင်း၊ ဆွေးမြည့်ရန်မလွယ်ကူသည့် ပလတ်စတစ်နှင့် ကြွပ်ကြွပ်အိတ်များကို လျှော့၍သုံးစွဲခြင်း၊ ပြန်သုံးခြင်း၊ ပြန်လည်ပြုပြင်သုံးစွဲခြင်းစသည့် 3R စနစ်များကို အလေးထားဆောင်ရွက်ကြရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒနှင့် ဥပဒေများကို မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံးက လေးစားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ဖြစ်သည့် **"သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စိမ်းလန်းစိုပြည်သည့်၊ ရာသီဥတုကောင်းမွန်မျှတသည့်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာစေရန် သဲကန္တာရဖြစ်လာနိုင်ခြင်းမှ ကာကွယ်ရေးနှင့် မိုးခေါင်ရေရှားဒဏ်လျော့နည်းရေးတို့အတွက် အားလုံးတက်ညီလက်ညီ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) အမှုဆောင်ညွှန်ကြားရေးမှူးတို့၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သဝဏ်လွှာဗီဒီယိုများကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးက ၂၀၂၄ ခုနှစ်အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ဆုရရှိသည့် ရှမ်းပြည်နယ် ကလောမြို့၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောကျေးရွာဆုရရှိသည့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သံဘိုရွာသစ်ကျေးရွာ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောစက်ရုံဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် Shwe Taung Cement Co.,Ltd. (အပါချီ ဘိလပ်မြေစက်ရုံ)တို့မှ တာဝန်ရှိသူများကို ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက ၂၀၂၄ ခုနှစ်အတွက် အမျိုးသားအဆင့် သန့်ရှင်း၍စိမ်းလန်းစိုပြည်သော အကောင်းဆုံးအထက်တန်းကျောင်းဆုနှင့် အကောင်းဆုံးမူလတန်းကျောင်းဆုရရှိကြသည့်ကျောင်းတို့မှတာဝန်ရှိသူများကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဒေါက်တာမှူးထန်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်တက္ကသိုလ်/ကောလိပ်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဗီဒီယိုကိုပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ၂၀၂၄ ခုနှစ်အတွက် အမျိုးသားအဆင့်သန့်ရှင်း၍စိမ်းလန်းစိုပြည်သော အကောင်းဆုံးအထက်တန်းကျောင်းဆုရရှိသည့်ကျောင်းမှ တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှူးထန် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် တက္ကသိုလ်/ကောလိပ်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

## ♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၆-၆-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၁ | Internet Pages |
| ၃။ | ၁၃း၃၅ | Music Quiz |
| ၄။ | ၁၇း၀၀ | ကမ္ဘာကျော်တို့အနုပညာခရီး |
| ၅။ | ၁၉း၀၀ | စစ်သည်ကဏ္ဍ |

## ကြေညာချက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန(စာကြည့်တိုက်)များသို့ စာအုပ်များပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင်(အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

နေပြည်တော် ဇွန် ၅

## နေရာကွက်၍ မိုးကြီးနိုင်

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Clarification by Maj-Gen Zaw Min Tun, Leader of the Information Committee of the State Administration Council, about the Fabricated News about the incident in Byaingphyu Village in Sittway Township Released by AA Terrorists

It is found that AA terrorists have released a concocted news report about the incident at Byaingphyu Village, Sittway Township. Kanpyin Old Village/ Kanpyin New Village is located to the north of Byaingphyu Village. Byaingphyu Village is also located to the north of Sittway Township.

AA terrorists have taken refuge in these villages and have been attacking Sittway, dropping bombs from drones and shooting randomly over it with heavy weapons since before. Acting on a tip-off by the residents that AA terrorists were taking refuge in Byaingphyu Village and Kanpyin Old Village/Kanpyin New Village, Tatmadaw carried out regional security in Byaingphyu Village on 29 May. When Tatmadaw security forces entered the village, the situation was calm.

In the village, security forces interrogated suspicious-looking persons, non-villagers. It is certain that they were not the residents of the village. Three of the interrogated persons attempted to grab the rifle of a security force member and attack him. A security force member had to shoot three persons to death. About 20 persons were detained and interrogated.

It is mentioned in the AA's cunning and propagandistic news report that about 40 persons died and women were raped. Such incidents did not take place. There is a reason behind the AA's release of the fabricated news. AA committed the murder of Bengalis in Buthidaung Township and set fire to their houses. Regarding this, some social media and international organizations put pressure on it. Meanwhile, AA made this accusation, fabricating the news.




Maj-Gen Zaw Min Tun, Leader of the Information Committee of the State Administration Council, exposes the fabricated news about the incident in Byaingphyu Village in Sittway Township released by AA terrorists.

The worst incidents occurred in Buthidaung on 17 and 18 May. We received the information that AA terrorists entered Buthidaung at about 9:30 pm on 17 May. They torched the houses of Bengalis and ordered them to leave their places. They set fire to all Bengali villages – the villages near Buthidaung, such as Ohthi Village, and then all the villages to the east of Buthidaung. We also got a piece of information that they had committed massacres. We have sound evidence regarding this. They were trying to cover up their activities.

I have also mentioned it once before. AA is practising racial discrimination and doing extremist racial instigations. If I put it straight, the AA organization is creating hatred of Myanmars, and hatred of Bengalis. Moreover, it is creating hatred of small national races such as Mro, Khami, Thet, Dainet, etc. AA is an organization relying on narcotic drugs. In the past, we exposed some AA members and organizations supporting AA in connection with the trafficking and distribution of narcotic drugs.

I would like to mention an exposure as recent as 21 March. A duty-conscious person informed us that Thant Zin Oo, an absconder, an AA member in charge of supply, was transporting narcotic drugs from Yangon to Sittway and Buthidaung, linking with May Yu Tun, also an absconder, another AA member in charge of supply, who was living in Buthidaung. Then, we raided a place in Tamway Township, Yangon, and arrested culprit Tun Thein Aung and his two wives.

Based on their testimonials, we conducted a surprise check on a cargo vessel, MV Sein Pyae Min, that plied between Yangon and Sittway. The ship was moored at No 2 wharf at Bayintnaung Port in Mayangon Township, Yangon Region. We seized one million stimulant tablets, bearing the letters 'WY', kept in cardboard boxes, worth Ks-1 billion at a prevailing value. The three arrested persons said they accepted an offer by absconder Thant Zin Oo, who was in Bauktheesu Ward in Sittway, to transport the stimulant tablets from Yangon to Sittway for a fee.

So they put the drugs on MV Sein Pyae Min. We made nine seizures of narcotic drugs in a period from 2016 to March this year that were connected with the AA insurgent organization. The seized drugs were valued at Ks-294.82 billion.

On 29 May, we inspected a motorcar on its way from Yangon to Pyay, which was carrying bricks mixed with narcotic drugs, supposed to be sent to the AA group. Two people in the car were Tun Tun Win and Teza. We seized ten sacks, each containing 20 packages of WY tablets packed in brick-shaped packaging, and nine sacks, each containing ten packages of brick-shaped tablets — totalling 2,900,000 tablets, valued at Ks-2,000 million.

As I have mentioned, it is found that AA terrorists are committing extremist racial instigations, massacres, and arsons in Rakhine State, and trafficking and distributing narcotic drugs that will cause the extinction of the entire nation. The national brethren and the people must be conscious of AA terrorists who are perpetrating extremist acts and engaged in drug trafficking that will cause the extinction of the Rakhine nationals. I would like to remind all the people of their activities that will harm the benefits of the Rakhine people in Rakhine State and the nationals of Myanmar and urge all to oppose them collectively.

**Thank you, all.**

EDUCATION

# Five more universities to open doctoral courses on English in 2024-2025 FY

The Ministry of Education has stated that doctoral courses on English language will be conducted at Myitkyina, Taunggyi, Mawlamyine, Pathein and Magway universities as from 2024-2025 academic year, starting from June 2024.

Currently, 20 PhD (English) faculty members are serving duties at universities across the nation. Now, Doctoral course on English language is being conducted at Yangon and Mandalay universities.

Hence, the ministry approved conducting of the doctoral course on English language at the foresaid universities in 2024-2025 academic year so as to emerge PhD (English) graduates.

Moreover, arrangements have been made for assigning the English doctoral thesis supervisory committee and academic committee to emerge qualified doctors.

The ministry will schedule for students to join the academic period and sports period on timetable in 2024-2025 FY. **SK**

HOUSING

# Draw-lot winners to be allocated at Thukha Dagon public rental housing

The Ministry of Construction stated that those who won the draw-lot in second stage of Thukha Dagon public rental housing project will be allocated flats as from 1 June 2024.

The Department of Urban and Housing Development under the Ministry of Construction is implementing the project on No 7 Highway in Dagon Myothit (South) Township.

It aims to allocate people facing accommodation, retirees and service personnel at the designated rental charges.

The first phase was implemented for 450 apartments of the housing till 1 December 2023. In the second phase, 768 apartments of 48 buildings among 800 apartments of 50 buildings will be rented.

Apartments will be allocated to the people from 1 June. Payment and signing contracts will start on 20 May 2024.

The list of apartment numbers and names of tenants will be announced at the township general administration offices.

Moreover, a seven complexes market will be built at the public rental housing. It will comprise 392 shops, open-air market, management office, public toilets, car parks, freight handling yard, garbage bin, water tank and box culvert construction.

At present, land preparations for construction are being undertaken with fencing, a comples of the market, public toilet, septic tank, garbage landfill and power supply and installation of wires for water pumps.



Now, YBS bus lines 118, 97, 81 and 71 are being operated to transport people from the housing for travel convenience.

**SK**

AGRICULTURE

# More than 60,000 acres of winter sesame harvested in Yinmabin District

A total of 65,094 acres of winter sesame has been harvested in Yinmabin District of Sagaing Region, according to the statistics of Yinmabin District Agriculture Department. Local farmers started harvesting in February 2024 on 65,094 acres of winter sesame with 12.62 baskets per acre.

"So far, local farmers have reaped all sown acreage of sesame. Our department helped local farmers use GAP system for boosting per-acre yield," said Daw Myate Moe Win, Head of Yinmabin District Agriculture Department said.

In Yinmabin District, Yinmabin Township harvested 8,024 acres of sesame, Kani Township, 21,055 acres, Salingyi Township 19,095 acres and Pale Township 16,920 acres.

In 2023-2024 financial year, Yinmabin District earmarked 77,980 acres of sesame but local farmers cultivated 65,094 acres. Relevant township agriculture departments helped local farmers expand sown acreage of sesame, and use GAP system and quality strains of crops.

The crops cultivated in GAP system have better quality than the crops planted in other techniques. So, the first ones get good prices and have chance to export them to foreign market.

**SMK**

AGRICULTURE

# Bamauk Township completes harvesting of onion and garlic

Local farmers have harvested 1,404 acres of onion and garlic grown as cold season in Bamauk Township of Sagaing Region, according to Katha District Agriculture Department.

They started harvesting in February at 817 acres of onion and 587 acres of garlic. After harvesting, onion yielded 5,370 viss per acre and garlic 2,011 viss per acre.

"Bamauk Township planted 1,404 acres of onion and garlic and they all have been harvested. These crops yielded high. Our department contacts merchants to purchase onion and garlic at good prices," said U Myint Soe, Head of Katha District Agriculture Department.

In 2023-2024 financial year, Bamauk Township earmarked cultivation of 551 acres of onion and 482 acres of onion. Starting from October 2023, local farmers planted 817 acres of onion and 587 acres of garlic, totalling 1,404.

The Township Agriculture Department helped local farmers keep crops for long existence, grow GAP system and have quality garlic and onion. Local farmers cost Ks-18 million per acre for onion and Ks-15 million for garlic in cultivation.

**SK**

AGRICULTURE

# Farmers harvest more than 3,000 acres of butter bean in Kalay District

The statistics of Kalay District Agriculture Department stated that a total of 3,270 acres of butter beanhas been harvested as cold season in Kalay District of Sagaing Region.

In 2023-2024 financial year, Kalay District started harvesting of butter bean. So far, local farmers have harvested 3,211 acres of butter bean in Kalay Township and 959 acres in Mingin Township, totalling 3,270 acres, yielding 18.09 baskets per acre.

"Now, farmers are harvesting remaining butter bean plantations in the district. Local farmers grow butter bean due to fetching good prices," said U Aung, Head of Kalay District Agriculture Department.

Farmers cultivated 3,270 acres of butter beans till the end of December 2023 exceeding the target of 3,247 acres in Kalay District in 2023-2024 financial year. Some farmers planted butter bean only but some mixed some crops in butter bean plantation.

Relevant township agriculture departments assist local farmers in growing butter bean with agricultural techniques to boost per-acre yield, use of quality strains of crops and spraying pests in addition to post-harvest technology.

**SMK**

RUSSIA

# Russia discussing dedollarization in trade with Latin American states



Russia discussing dedollarization in trade with Latin American states.

Russia is discussing dedollarization in trade with a number of Latin American countries, including Cuba, Nicaragua, Venezuela, as well as a number of BRICS states, Alexander Shchetinin, the director of the Latin America Department of the Russian Foreign Ministry, told Sputnik on Wednesday.

"Here is the process of negotiations of business and banking structures to find the most acceptable and convenient forms of interaction to ensure trade and economic ties between our countries. One of them is national currencies, introduction of Mir [payment] cards, introduction of direct settlements," Shchetinin said on the sidelines of the St. Petersburg International Economic Forum (SPIEF).

The diplomat added that dedollarization forms can be different, but the development of cooperation will be prioritized.

"We have negotiations with many countries [in progress]. There are ideas for the introduction of alternative payment platforms... We have a number of other countries with which we maintain normal trade and economic ties: Cuba, Nicaragua, Venezuela," Shchetinin said, adding that there is "progress" in negotiations.

The Russian city of St. Petersburg is hosting the 27th edition of SPIEF from June 5-8.

**Sputnik**

LEBANON

# Gunman fires shots at U.S. Embassy in Lebanon

The U.S. Embassy in Lebanon, located in the north of the capital Beirut, came under gunfire Wednesday morning, according to a statement by the Lebanese Army Command.

"The U.S. Embassy in Lebanon was exposed to gunfire by a Syrian national. Army members were deployed in the area and responded to the sources of fire, resulting in the injury of the shooter," the statement said, adding the shooter was arrested and taken to a hospital for treatment.

An investigation was launched into the incident, according to the statement.

The U.S. Embassy confirmed in a separate statement on social media platform X that "small arms fire" was reported near the entrance to the embassy at 8:34 a.m. local time (0534 GMT).

"Thanks to the quick reaction of the LAF (Lebanese Armed Forces), ISF (Internal Security Forces), and our Embassy security team, our facility and our team are safe," the embassy said.

Meanwhile, local media reported that the embassy was attacked by three gunmen on motorcycles, leading to a heavy exchange of gunfire and a violent clash. Reports indicated one attacker was killed, another was wounded, and the third escaped. Security agencies are searching for the third suspect.

**Xinhua**

ISRAEL

# Israel ready to take decisive actions against Hezbollah - Netanyahu

Israel is ready to take decisive actions against the Lebanese Hezbollah movement in the north, Prime Minister Benjamin Netanyahu said on Wednesday.

"At the beginning of the war, we said we would restore security in the south and the north, and we will. We are ready for very strong actions in the north. One way or another, we will restore security in the north," the Prime Minister said during his visit to the Qiryat Shemona city in northern Israel.

On October 7, 2023, Palestinian movement Hamas launched a large-scale rocket attack against Israel and breached the border, attacking both civilian neighborhoods and military bases. Israel launched retaliatory strikes, introduces a complete blockade of Gaza, and started a ground invasion into the enclave, vowing to eliminate Hamas and rescues hostages.

**Sputnik**

CHINA

# DJI makes world's 1st successful drone delivery tests on Mt. Qomolangma

DJI has successfully completed the first-ever drone delivery tests on Mount Qomolangma from the Nepali side, paving the way for facilitating high-altitude mountaineering, emergency rescue and environmental protection operations, the Chinese drone maker announced Wednesday.

A DJI FlyCart 30 was used in the April tests, during which three oxygen bottles and 1.5 kg of other supplies were flown from the Base Camp (at an altitude of 5,364 meters) to Camp 1 (at about 6,000 meters) of the world's highest peak, and trash was carried down on the return trip.

The treacherous Khumbu Icefall lies just between the Base Camp and Camp 1, which is covered with ice blocks and considered very dangerous because of frequent avalanches.

"We need to spend 6 to 8 hours each day walking through this icefall," said Mingma Gyalje Sherpa, a climbing guide with Imagine Nepal Trek and Expeditions. "Last year I lost three Sherpas. If we're not lucky, if our time is not right, we lose our life there."

The DJI drone could carry 15 kg of supplies between the camps in 12 minutes for a round trip, day or night, according to the drone maker.



Snapshot taken from a video shows a DJI drone during a delivery test on Mount Qomolangma from the Nepali side, April 30, 2024.

During the tests, FlyCart 30 flew as high as 6,191.8 meters on Mount Qomolangma situated on the border of Nepal and China and could carry a 15 kg payload steadily at an altitude of 6,000 meters.

Following the tests, a Nepali drone company was contracted to establish drone delivery operations on Mount Qomolangma from May 22.

**Xinhua**

RUSSIA

# Russia plans to start retraining CAR military pilots, troops this year

Moscow intends to launch the professional retraining of the Central African Republic's (CAR) military pilots and ground personnel to operate aircraft this year, Russian Ambassador to Bangui Alexander Bikantov has told Sputnik.

"This year, Russia intends to start professional retraining of Central African pilots and ground personnel to operate aircraft," the ambassador said.

Speaking on the topic in general, Bikantov said that, "traditionally, the issues pertaining to military and technical cooperation are sensitive" and are handled by the Russian Defence Ministry. He also recalled that "such a new branch of troops as army aviation within the CAR Armed Forces is successfully operating in the CAR."

Moscow and Bangui continue talks on the establishment of a Russian military base in the Central African Republic (CAR) and the size of the Russian contingent, Russian Ambassador to Bangui Alexander Bikantov has told Sputnik.

"The negotiations are currently in an active phase. The dates of the contingent's arrival and its size have yet to be determined," the ambassador added.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Wonder drug could triple survival rates of deadly bowel cancer - as medicine that 'melts away' tumours is already available in NHS



Around 3,000 Britons each year are affected by bowel cancer and the drug could be a 'game-changer'.

Survival rates for a deadly type of bowel cancer could triple using a wonder drug already available on the NHS, new research suggests.

Trials found pembrolizumab, sold under the brand name Keytruda, 'melts away' tumours, potentially sparing patients from needing surgery and chemotherapy.

It was so effective, tests found six in ten patients had no trace of disease left months later.

Doctors say the drug - already used to treat cancers including breast, lung and cervical on the NHS - could be a 'game-changer' for patients with this type of bowel cancer, affecting around 3,000 Britons each year.

Researchers from University College Londonrecruited 32 patients from five NHS hospitals with stage two or three with genetic subtype of bowel cancer, with a high number of mutations.

The patients had stage 3 cancer, meaning thee cancer was threatening to spread outside the bowel, which currently kills one in three within five years.

They were given three doses of pembrolizumab over nine weeks prior to surgery.

The drug is delivered via a 30-minute injection into the back of the hand and stimulates the body's immune system to fight cancer cells.

After finishing the immunotherapy drug, patients underwent surgery to remove the area of their bowel where their tumours had been.

Results showed 59 percent of patients had no trace of cancer left when tested, typically between five and 19 months later. - suggesting they didn't even require surgery.

The remaining 41 percent were able to have their tumours removed, and all are now disease-free.

Doctors said this is a dramatic improvement compared to the current standard treatment, which involves surgery to remove the tumour followed by three to six months of chemotherapy.

Dr Kai-Keen Shiu, from trial leader from UCL Cancer Institute, said: 'Immunotherapy can make tumours disappear before surgery. If you melt the cancer away before surgery you normally triple survival chances.

'If patients have a complete response to pembrolizumab it can triple your chance of survival. Patients also don't need any chemotherapy after so they avoid all those side effects.

'Currently the chance of surviving for three years after surgery without relapse is about 75 percent in bowel cancer patients. We hope this treatment will get it closer to 90 to 100 percent.'

He added: 'We need to wait to see whether the patients in our trial remain cancer-free over a longer period of time, but initial indications are extremely positive.'

Presenting the findings at the American Society of Clinical Oncology conference in Chicago, researchers said patients will be monitored over the next few years to assess overall survival and relapse rates.

Professor Mark Saunders, a consultant clinical oncologist at The Christie who took part in the trial, said it was a 'very exciting new treatment' for these patients.

He said: 'Immunotherapy prior to surgery could well become a 'game-changer' for these patients with this type of cancer. Not only is the outcome better, but it saves patients from having more conventional chemotherapy, which often has more side-effects.

'In the future, immunotherapy may even replace the need for surgery.'

Bowel cancer is the fourth most common cancer in the UK, with around 42,900 cases a year.

Though still predominantly a cancer that affects older people, cases among the under 50s have been increasing in recent decades.

The drug works by stimulating the body's immune system to fight cancer cells. It does this by targeting and blocks a protein called PD-1 on the surface of T cells, triggering them to find and kill cancer cells.

Having this treatment also meant patients did not need to undergo gruelling chemotherapy after surgery.

Dr Lisa Wilde, director of research and external affairs at Bowel Cancer UK, said: 'The results of this trial are certainly promising for people with the right genetic variants, but additional research is needed before it could be available to patients.

'Finding a way to repurpose existing cancer drugs like pembrolizumab to treat bowel cancer has the potential to widen the options available to patients quickly, and in a cost-effective way.'

**What is bowel cancer?**

Bowel cancer, also known as colorectal cancer, develops from the inner lining of the bowel and is usually preceded by growths called polyps, which may become invasive cancer if undetected. Depending on where the cancer begins, bowel cancer may be called colon or rectal cancer.

It is estimated that more than 15,300 people were diagnosed with bowel cancer in 2023. The average age at diagnosis is 69 years old.

Bowel cancer is the fourth most commonly diagnosed cancer in Australia, and it is estimated that one in 20 people will be diagnosed by the time they are 85.

About 90 percent of bowel cancers are adenocarcinomas, which start in the glandular tissues lining the bowel. Other less common types of cancer can also affect the bowel, including lymphomas and neuroendocrine tumours.

Cancer can also start in the small bowel but this is a rare cancer.

**Bowel cancer signs and symptoms**

Symptoms of bowel cancer include:

- change in bowel habit including diarrhoea, constipation or the feeling of incomplete emptying
- a change in the appearance or consistency of bowel movements such as thin bowel stools
- blood in the stools
- abdominal pain, bloating or cramping
- anal or rectal pain
- a lump in the anus or rectum
- weight loss
- unexplained fatigue
- tiredness and/or anaemia (pale complexion, weakness and breathlessness)
- blood in the urine or passing urine frequently or during the night, change in urine colour – dark, rusty or brown.

**Mail Online**

# ကမ္ဘာတစ်ဝန်းတွင်တင်းမာမှုမြင့်တက်နေစဉ် အမေရိကန်၏ တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှု ဘာကြောင့်ထွက်ပေါ်လာခဲ့သနည်း

နိုင်အောင်




အမေရိကန်လေတပ်က ဇွန်လ ၄ ရက်တွင် လုပ်ဆောင်ခဲ့သည့် တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုသည် လက်ရှိကမ္ဘာ့အရေးအကြောင်းများနှင့် သက်ဆိုင်မှုမရှိကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်ပြောကြားခဲ့သည်ကိုတွေ့ရသည်။

အဆိုပါစမ်းသပ်မှုတွင် အမေရိကန်လေတပ်က Minuteman III တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့သော စမ်းသပ်မှုမျိုးကို အမေရိကန်က ယခင်ကလည်း လုပ်ဆောင်ခဲ့ခြင်းဖြစ်သောကြောင့် လက်ရှိဖြစ်ပွားနေသည့် ယူကရိန်းပဋိပက္ခ၊ တရုတ်နိုင်ငံ၏ တရုတ် (တိုင်ပေ) အပေါ်ထားရှိသည့်ရပ်တည်ချက်နှင့် အရှေ့အလယ်ပိုင်းဒေသတွင် ဆက်လက်ဖြစ်ပွားနေသည့် ဂါဇာစစ်ပွဲ စသည့်ကိစ္စရပ်များနှင့်သက်ဆိုင်မှုမရှိဟု အမေရိကန်လေတပ်က ရှင်းလင်းပြောကြားခြင်းဖြစ်သည်။

သို့သော် အမေရိကန်၏ အဆိုပါတိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုသည် ကမ္ဘာ့နိုင်ငံများတွင် တင်းမာမှုများမြင့်တက်နေစဉ် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ အစ္စရေးစစ်ဘက်အနေဖြင့် ပါလက်စတိုင်းစစ်သွေးကြွအဖွဲ့ဖြစ်သည့် ဟားမက်တို့နှင့်အပစ်အခတ်ရပ်စဲ၍ ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအစီအစဉ်များအား လမ်းဖွင့်ပေးရန် နိုင်ငံတကာက တောင်းဆိုနေစဉ် အီဂျစ်နှင့် နယ်စပ်ချင်းထိစပ်နေသည့် ရာဖာမြို့အား ထိုးစစ်ဆင်တိုက်ခိုက်နေချိန်ဖြစ်သည်။

ထို့ပြင် တောင်တရုတ်ပင်လယ်အနီးတွင်လည်း တင်းမာမှုများမြင့်တက်လျက်ရှိနေချိန်တွင် အမေရိကန်လေတပ်က အဆိုပါဒုံးကျည်စမ်းသပ်မှုကို လုပ်ဆောင်ခြင်းဖြစ်သည်ဟုလည်းဆိုနိုင်သည်။

စင်စစ်တွင် အမေရိကန်တို့သည် Minuteman III တိုက်ချင်းပစ်ဒုံးကျည်ကို ယခုနှစ်ဇွန်လအစောပိုင်းတွင် စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါစမ်းသပ်မှုကို အမေရိကန်လေတပ်မှ ကမ္ဘာလုံးဆိုင်ရာဌာနချုပ်က လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ယင်းစမ်းသပ်မှုကို အာကာသတပ်ဖွဲ့က ထောက်ခံအားပေးမှုဖြင့်လုပ်ဆောင်ခြင်းဖြစ်သည်။

ဒုံးကျည်စမ်းသပ်မှုအား ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဗန်ဒါဘာ့အာကာသတပ်ဖွဲ့၏ အခြေစိုက်စခန်း၌ လုပ်ဆောင်ခြင်းဖြစ်သည်။ လုပ်ဆောင်ရသည့် အဓိကရည်ရွယ်ချက်မှာ အမေရိကန်၏နျူကလီးယားတားဆီးရေးလက်နက်များ ဘေးကင်းလုံခြုံမှုရှိ၊ မရှိကို စမ်းသပ်ခြင်းနှင့် ၂၁ ရာစုနှစ်အတွင်း ထွက်ပေါ်လာနိုင်သည့် ခြိမ်းခြောက်မှုများအတွင်း မဟာမိတ်နိုင်ငံများအား ကာကွယ်ရေးအတွက် အာမခံချက်ပေးနိုင်ရေးအတွက်ဖြစ်သည်ဟု အမေရိကန်က အကြောင်းပြထားသည်။



အမေရိကန်လေတပ်သည် Minuteman III တိုက်ချင်းပစ်ဒုံးကျည်ကို ယခုနှစ် ဖေဖော်ဝါရီလကတည်းက စမ်းသပ်ရန်စီစဉ်ခဲ့ခြင်းဖြစ်သော်လည်း စမ်းသပ်မှုလုပ်ဆောင်မည့်နေရာအား ပြင်ဆင်နေရခြင်းကြောင့် စမ်းသပ်မှုမှာ နှောင့်နှေးခဲ့ရခြင်းဖြစ်သည်။

အမေရိကန်တို့သည် ၎င်းတို့၏ ဒုံးကျည်နည်းပညာတိုးတက်ရေးအတွက် အဆိုပါဒုံးကျည်တစ်စင်းကို ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်းကလည်း တစ်ကြိမ်စမ်းသပ်ပစ်ခတ်ခဲ့သော်လည်း မှားယွင်းမှုကြောင့် အောင်မြင်ခဲ့ခြင်းမရှိပေ။

Minuteman III တိုက်ချင်းပစ်ဒုံးကျည်သည် အမေရိကန်ပြည်ထောင်စု၏ နျူကလီးယားတားဆီးရေးလက်နက်၏ အရေးပါသည့်အစိတ်အပိုင်းတစ်ရပ်အဖြစ် ၁၉၇၀ ပြည့်နှစ်များမှစ၍ ပါဝင်လာခဲ့သည်။ ၎င်းဒုံးကျည်သည် LGM-30 Minuteman တိုက်ချင်းပစ်ဒုံးကျည်၏ မူကွဲအမျိုးအစားတစ်ခုဖြစ်ပြီး ယင်းဒုံးကျည်၏ ထိရောက်မှုနှင့်စိတ်ချရမှုကို ထိန်းသိမ်းထားနိုင်ရန်အတွက် အမေရိကန်စစ်ဘက်က ဆယ်စုနှစ်များစွာအတွင်း ပြန်လည်မွမ်းမံထုတ်လုပ်ထားခြင်းဖြစ်သည်။ ထို့ပြင် အမေရိကန်စစ်ဘက်သည် ရန်သူ၏ ဒုံးကျည်ကာကွယ်ရေးစနစ်များကို ရှောင်ရှားနိုင်ရန်အတွက် Minuteman III တိုက်ချင်းပစ်ဒုံးကျည်တွင် ထိုးဖောက်ရှောင်ရှားမှု အကူအညီပေးရေးစနစ်ကို တပ်ဆင်ထားသည်။

ဤကဲ့သို့သော စွမ်းဆောင်ရည်ထက်မြက်သည့် တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းအား အမေရိကန်က ကမ္ဘာတစ်ဝန်းတွင် တင်းမာမှုများနှင့် ပဋိပက္ခများမြင့်တက်နေစဉ် လုပ်ဆောင်ခဲ့ခြင်းဖြစ်ရာ ခြိမ်းခြောက်မှုတစ်စုံတစ်ရာထွက်ပေါ်လာပါက အမေရိကန်အနေဖြင့် လုံခြုံရေးအရ အကာအကွယ်ပေးမည်ဟု ၎င်း၏ မဟာမိတ်နိုင်ငံများ၊ အထူးသဖြင့် ဥရောပနိုင်ငံများနှင့် အာရှဒေသမှ နိုင်ငံအချို့အား အရိပ်အမြွက်ပြသလိုက်ခြင်းဖြစ်သည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စုသည် လက်ရှိတွင် အစ္စရေး၏ အဓိကမဟာမိတ်နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိရာ အစ္စရေးအား တိုက်ခိုက်နေသည့် အီရန်အထောက်အပံ့ခံ ဟစ်ဇဘိုလာပြောက်ကျားတပ်များနှင့် အခြားစစ်သွေးကြွအဖွဲ့များအနေဖြင့် အစ္စရေးနှင့် အရှေ့အလယ်ပိုင်းရှိ အမေရိကန်၏ အကျိုးစီးပွားကိုထိခိုက်လာမည်ဆိုပါက အမေရိကန်က လက်တုံ့ပြန်ရန် အသင့်ရှိသည်ဟု သတိပေးလိုက်ခြင်းလည်း ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

နောက်တစ်ချက်မှာ အမေရိကန်လေတပ်က ယခုလုပ်ဆောင်ခဲ့သည့် တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုသည် ရုရှားနှင့် တရုတ်တို့၏ ဒုံးကျည်နည်းပညာတိုးတက်မှုကို အမီလိုက်နိုင်ရန်ကြိုးပမ်းသည့် ဆောင်ရွက်မှုတစ်ရပ်အဖြစ်လည်း ရှုမြင်နိုင်သောကြောင့် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းထွက်ပေါ်လာခဲ့သည့် အမေရိကန်၏ ဒုံးကျည်စမ်းသပ်မှုအပေါ် ကမ္ဘာ့နိုင်ငံများက သတိထား၍ အနီးကပ်စောင့်ကြည့်နေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

*Ref:BM*

ဝါရှင်တန်၊ စစ်ရေး

## ယူကရိန်းသို့ စစ်ရေးအကြံပေးများစေလွှတ်မည်မဟုတ်ဟု အမေရိကန်ပြော




အမေရိကန်အနေဖြင့် ယူကရိန်းသို့ စစ်ရေးအကြံပေးများစေလွှတ်မည်မဟုတ်ကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးတစ်ဦးကပြောသည်။

ယခင်ကအတည်ပြုပြောကြားထားခဲ့သည့်အတိုင်း အမေရိကန်အစိုးရက ၎င်းတို့၏ စစ်ရေးအကြံပေးများနှင့် စစ်ရေးနည်းပြများကို ယူကရိန်းသို့စေလွှတ်ရန် စီစဉ်ထားခြင်းမရှိကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်က ဇွန်လ ၄ ရက်က သတင်းထောက်များ၏ မေးမြန်းချက်ကို ဖြေကြားစဉ် ပြောကြားခြင်းဖြစ်သည်။

အမေရိကန်အစိုးရသည် ယူကရိန်းစစ်သည်များအား ယူကရိန်းနိုင်ငံပြင်ပတွင် လေ့ကျင့်သင်ကြားပေးရန် ကမ်းလှမ်းခဲ့ကြောင်း၊ ထိုသို့သော လေ့ကျင့်သင်ကြားမှုမျိုးကို ဂျာမနီနိုင်ငံတွင် လုပ်ဆောင်လျက်ရှိပြီး ယင်းနိုင်ငံအတွင်း၌ ယူကရိန်းစစ်သည်ထောင်ပေါင်းများစွာအား အနောက်နိုင်ငံထုတ် စစ်လက်နက်များအား ကိုင်တွယ်အသုံးပြုမှုနှင့်စပ်လျဉ်း၍ လေ့ကျင့်ပေးလျက်ရှိကြောင်း ၎င်းကဆက်ပြောသည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စုအနေဖြင့် ထိုသို့သော လေ့ကျင့်သင်ကြားမှုများကို တိုးမြှင့်လုပ်ဆောင်ရန်အသင့်ရှိကြောင်း ဂျိတ်ဆူလီဗန်က ဆက်လက်ပြောကြားသည်။

အမေရိကန်အစိုးရသည် ယူကရိန်းစစ်သည်များအား လေ့ကျင့်သင်ကြားပေးနေသည့်အပြင် ယူကရိန်းနိုင်ငံသို့ ဘီလီယံပေါင်းများစွာတန်ဖိုးရှိ စစ်လက်နက်ပစ္စည်းများကိုပါ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

*Ref: Xinhua*

နယူးဒေလီ၊ သဘာဝဘေး

## အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ရာသီဥတုပြင်းထန်ဆိုးရွားမှုကြောင့် အနည်းဆုံးလူလေးဦးသေဆုံး




အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ရာသီဥတုပြင်းထန်ဆိုးရွားမှုကြောင့် အနည်းဆုံးလူလေးဦးသေဆုံးပြီး အခြား ၁၃ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း အာဏာပိုင်အဖွဲ့က ဇွန်လ ၅ ရက်တွင် ထုတ်ပြန်သည်။

သေဆုံးသူများနှင့် ကယ်ဆယ်ခြင်းခံထားရသူများသည် အဖွဲ့ဝင် ၂၂ ဦးပါ ခြေကျင်တောင်တက်အဖွဲ့မှဖြစ်ပြီး ၎င်းတို့သည် အွတ်တရာခန်ပြည်နယ်အတွင်း ခြေကျင်တောင်တက်ခရီးကြမ်းလေ့လာရေးခရီးသွားခဲ့ရာမှ ရာသီဥတုဆိုးရွားမှုနှင့် ကြုံတွေ့ရခြင်းဖြစ်ကြောင်း အာဏာပိုင်အဖွဲ့ကပြောသည်။ ကယ်ဆယ်ရေးအဖွဲ့သည် သေဆုံးသူများ၏ ရုပ်အလောင်းများကို ပြန်လည်ရှာဖွေနိုင်ခဲ့ပြီး အခြား ၁၃ ဦးကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မေလ ၂၉ ရက်တွင်လည်း ခြေကျင်တောင်တက်အဖွဲ့သည် ၎င်းတို့၏ လေ့လာရေးခရီးစဉ်အတွင်း ရာသီဥတုဆိုးရွားမှုကြောင့် လမ်းပျောက်ခဲ့ရကြောင်းသိရသည်။

***Ref: Xinhua***

မော်စကို၊ စစ်ရေး

## ယူကရိန်းရှိ ပြင်သစ်နည်းပြများ ရုရှားအတွက်တရားဝင်ပစ်မှတ်များဖြစ်လာမည်ဟု လက်ရော့ပြော



ယူကရိန်းနိုင်ငံအတွင်းရှိ ပြင်သစ်စစ်ရေးနည်းပြများသည် ရုရှားတပ်ဖွဲ့ဝင်များအတွက် တရားဝင်ပစ်မှတ်များဖြစ်လာမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ရော့က ပြောသည်။

ပြင်သစ်စစ်ရေးနည်းပြများအား နိုင်ငံအတွင်းသို့ လာရောက်၍ ယူကရိန်းစစ်သည်များအား လေ့ကျင့်သင်ကြားပေးရန် ခွင့်ပြုမည့် အစီအစဉ်ကို လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း ယူကရိန်းအစိုးရက ပြောကြားပြီးနောက်ပိုင်းတွင် လက်ရော့က ဇွန်လ ၅ ရက်တွင် ကွန်ဂိုသမ္မတနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ယင်းကလောက် ဂါကော့ဆိုနှင့်ပူးတွဲကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင်ပြောကြားခြင်းဖြစ်သည်။

ယူကရိန်းစစ်သည်များအား လေ့ကျင့်သင်ကြားပေးမည့် ပြင်သစ်စစ်ရေးနည်းပြများသည် ယူကရိန်းနိုင်ငံသို့ ရောက်ရှိနေပြီဟု ယူဆရကြောင်း၊ ၎င်းပြင်သစ်နည်းပြများ သို့မဟုတ် ကြေးစားစစ်သည်များသည် ရုရှားလက်နက်ကိုင်တပ်ဖွဲ့အတွက် တရားဝင်ပစ်မှတ်များပင်ဖြစ်ကြောင်း လက်ရော့က ဆက်ပြောသည်။

လက်ရော့၏ အဆိုပါပြောကြားချက်နှင့်စပ်လျဉ်း၍ ပြင်သစ်အစိုးရက တစ်စုံတစ်ရာ ထုတ်ပြန်မည်မဟုတ်ကြောင်း ပြောကြားခဲ့သော်လည်း လက်ရှိတွင် ယူကရိန်းနယ်မြေအတွင်းသို့ ပြင်သစ်နည်းပြများ ရောက်ရှိနေသည်ဟူသော အထောက်အထားမရှိကြောင်း တုံ့ပြန်ပြောကြားထားသည်။

ရုရှားစစ်ဘက်သည် လက်ရှိတွင် ယူကရိန်းနယ်မြေစုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းကို ထိန်းချုပ်ထားကြောင်းသိရသည်။

***Ref: Mcom***

လန်ဒန်၊ ရာဇဝတ်မှု

## ဗြိတိန်ကမ်းတက်တပ်ဖွဲ့မှ အငြိမ်းစားအရာရှိတစ်ဦးအား သူလျှိုလုပ်ဆောင်မှုဖြင့် အာရပ်စော်ဘွားများပြည်ထောင်စုဖမ်းဆီး



ဗြိတိန်တော်ဝင်ကမ်းတက်တပ်ဖွဲ့မှ အငြိမ်းစားအရာရှိတစ်ဦးအား သူလျှိုလုပ်ဆောင်မှုဖြင့် အာရပ်စော်ဘွားများပြည်ထောင်စုက ဖမ်းဆီးလိုက်ကြောင်း Times သတင်းစာက ဖော်ပြသည်။

ဖမ်းဆီးခံထားရသူမှာ အသက် ၄၀ နှစ်အရွယ်ရှိ မက်ခရောက် ဆိုသူဖြစ်ပြီး ၎င်းသည် အီရတ်နှင့်အာဖဂန်နစ္စတန်စစ်ပွဲများတွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၎င်းသည် ဗြိတိန်နိုင်ငံ၏ ရဲစွမ်းသတ္တိအတွက် ပေးအပ်သည့် အမြင့်ဆုံး George Cross ဆုတံဆိပ်ချီးမြှင့်ခြင်းခံထားရသူလည်းဖြစ်ကြောင်း သတင်းစာတွင် ဇွန်လ ၄ ရက်က ဆက်လက်ဖော်ပြထားသည်။

၎င်းအား နိုင်ငံ၏ကြိုးမဲ့ဆက်သွယ်ရေးကွန်ရက်စနစ်အား ရည်ရွယ်ချက်ရှိရှိဖြင့် တရားမဝင်ဝင်ရောက်မှုဖြင့် ဒူဘိုင်းတွင် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ထို့ပြင် အာရပ်စော်ဘွားများပြည်ထောင်စုအစိုးရသည် မက်ခရောက်အား ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနနှင့်ဆက်သွယ်မှုရှိမရှိ စစ်ဆေးလျက်ရှိသည်။ သို့သော် အသေးစိတ်အချက်အလက်များကိုမူ ထုတ်ပြန်ထားခြင်းမရှိပေ။

အာရပ်စော်ဘွားများ ပြည်ထောင်စုအစိုးရ၏ စွပ်စွဲချက်များသည် အဓိပ္ပာယ်မရှိဘဲ လုပ်ကြံဖန်တီးထားခြင်းဖြစ်ကြောင်း မက်ခရောက်၏ မိသားစုများက ဝေဖန်ထားသည်။

မက်ခရောက်သည် အာရပ်စော်ဘွားများပြည်ထောင်စုတွင် ၂၀၁၄ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ နေထိုင်ခဲ့ပြီး အာဏာပိုင်များအတွက် လုံခြုံရေးဆိုင်ရာ အကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်းသိရသည်။

ဗြိတိန်အစိုးရအနေဖြင့် ၎င်းဖမ်းဆီးခံထားရခြင်းနှင့်စပ်လျဉ်း၍ အကူအညီပေးရန်အတွက် အာရပ်စော်ဘွားများပြည်ထောင်စုအစိုးရနှင့် ဆက်သွယ်လုပ်ဆောင်လျက်ရှိသည်။

***Ref: ST***

ဂျိုဟန်နက်စဘတ်၊ သဘာဝဘေး

## တောင်အာဖရိကတွင် မိုးသည်းထန်စွာရွာသွန်းပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၁၀ ဦးသေဆုံး

တောင်အာဖရိကနိုင်ငံ အရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် လူ ၁၀ ဦး သေဆုံးသွားကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့ကထုတ်ပြန်သည်။

မုန်တိုင်းသည် ကွာဇူးလူးနက်တယ်ပြည်နယ်ရှိ ဒေသအများအပြားအတွင်းသို့ ယခုရက်သတ္တပတ်အစောပိုင်းက ဝင်ရောက်တိုက်ခတ်ခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် ပြည်နယ်အတွင်းရှိ အခြေခံအဆောက်အဦများ၊ နေအိမ်များဆိုးရွားစွာပျက်စီးသွားကြောင်း ပြည်နယ်အစိုးရက ထုတ်ပြန်သည့် ကြေညာချက်တွင်ဖော်ပြသည်။

မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့သည့် ဒေသများသို့ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ပြီး အကူအညီပေးရေးလုပ်ငန်းများ လုပ်ဆောင်ရန်စီစဉ်လျက်ရှိကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။

ဒါဘန်မြို့အနီးရှိ ဒေသများအပါအဝင် နိုင်ငံအနောက်ပိုင်းရှိ အခြားဒေသများတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပွားခဲ့ကြောင်းသိရသည်။

***Ref: Xinhua***



ဂျကာတာ၊ မတော်တဆမှု

## အရှေ့ဂျာဗားပြည်နယ်တွင် မြေပြိုမှုဖြစ်ပွား၊ တစ်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံး

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်တွင် မြေပြိုမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ သဲကျင်းတူးလုပ်သားတစ်ဦးသေဆုံးပြီး အခြား သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့က ဇွန်လ ၅ ရက်တွင် ထုတ်ပြန်သည်။

သဲကျင်းတူးလုပ်သားများသည် လူမာဂျန်ဒေသ၊ ပရိုနိုဂျိုဝိုကျေးရွာအနီးရှိ မြစ်ကမ်းပါးတစ်ခုတွင် ဇွန်လ ၄ ရက်က သဲတွင်းတူးနေစဉ် မြေပြိုကျခဲ့ခြင်းဖြစ်ကြောင်း လူမာဂျန်ဒေသသဘာဝဘေးအန္တရာယ်လျှော့ချရေးအေဂျင်စီမှ အကြီးအကဲဖြစ်သူ ပါထရီယာဒွီဟက်စတီယာဒီကပြောသည်။

အဆိုပါသဲကျင်းသည် မြေအောက် မီတာ ၂၀ အနက်တွင် တည်ရှိပြီး ကယ်ဆယ်ရေးအဖွဲ့ဝင်များက သေဆုံးသွားသည့် အလုပ်သမား၏ ရုပ်အလောင်းကို ပြန်လည်ရယူနိုင်ခဲ့ကြောင်းသိရသည်။

သို့သော် ပျောက်ဆုံးလျက်ရှိသည့် အလုပ်သမားများအား ကယ်ဆယ်ရေးအဖွဲ့က စက်ကိရိယာပစ္စည်းများအသုံးပြု၍ ဆက်လက်ရှာဖွေလျက်ရှိသည်။

***Ref: Xinhua***

## ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး/အရင်း ပေးဆပ်ရန်ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့်ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာခြင်း

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီက ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သောစီးပွားရေးလုပ်ငန်းများအား ချေးငွေ သက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ စတင်၍ ချေးငွေများထုတ်ချေးခဲ့ပါသည်။ ချေးငွေ သက်တမ်း ၁ နှစ်ပြည့်မြောက်ခဲ့ပြီးနောက် ပထမအကြိမ် ၆ လ၊ ဒုတိယအကြိမ် ၆ လ နှင့် တတိယအကြိမ် ၁ နှစ်နှင့် စုစုပေါင်း ၃ နှစ်အထိ ချေးငွေသက်တမ်းများ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပြန်လည်ပေးဆပ်ရန် တာဝန်ကျန်ရှိနေသည့် ကုမ္ပဏီ/လုပ်ငန်းများ အနေဖြင့် ချေးငွေအတိုး/အရင်းများကို **၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ မတိုင်မီ** အမြန်ဆုံး အပြေအကျေပြန်လည်ပေးဆပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ**

နေပြည်တော် ဇွန် ၅

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး (အမျိုးသား/အမျိုးသမီး) ဂျူဒိုပြိုင်ပွဲများဆက်လက်ကျင်းပ



ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင်ရှိကြသည့် ဂျူဒိုအားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုခိုင်မာလာစေရေး၊ မျိုးဆက်သစ်ဂျူဒိုအားကစားသမားများစွာ ပေါ်ထွက်လာစေရေးနှင့်ဂျူဒိုအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးတို့အတွက်ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို ယနေ့နံနက်၁၀နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

ယနေ့ ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (အမျိုးသား/အမျိုးသမီး)ဝိတ်တန်းအလိုက်အတိုက်ပြိုင်ပွဲများအား ယှဉ်ပြိုင်ကစားခဲ့ကြရာ အမျိုးသား (-၆၀) ကီလိုပြိုင်ပွဲတွင် နိုင်ငွေး (ရန်ကုန်တိုင်းဒေသကြီး) က ပထမ၊ နေဆန်း (တနင်္သာရီတိုင်းဒေသကြီး) က ဒုတိယ၊ ကျူဇက်(ရခိုင်ပြည်နယ်) က တတိယ၊ အောင်နိုင်မိုး(ကယားပြည်နယ်)က ပူးတွဲတတိယ၊ အမျိုးသား -၆၆ ကီလိုပြိုင်ပွဲတွင် လှိုင်မင်းခန့်(စစ်ကိုင်းတိုင်းဒေသကြီး)က ပထမ၊ ဝေလင်းထွေး(ဧရာဝတီတိုင်းဒေသကြီး)က ဒုတိယ၊ သီဟသော် (ရန်ကုန်တိုင်းဒေသကြီး) က တတိယ၊ မျိုးမြင့်မြတ်(ရှမ်းပြည်နယ်)က ပူးတွဲတတိယ၊ အမျိုးသား -၇၃ကီလိုပြိုင်ပွဲတွင် အောင်သန့်ကျော် (ဧရာဝတီတိုင်းဒေသကြီး)ကပထမ၊ ဖြိုးကိုကို(ရန်ကုန်တိုင်းဒေသကြီး)က ဒုတိယ၊ မျိုးလတ်အောင် (ကချင်ပြည်နယ်)က တတိယ၊ လင်းထက်ဦး(နေပြည်တော်)က ပူးတွဲတတိယ၊ အမျိုးသား+၇၃ ကီလိုပြိုင်ပွဲတွင် ကျော်ခန့်စိုး (ရန်ကုန်တိုင်းဒေသကြီး)က ပထမ၊ စထက်ဝေဖြိုး(ဧရာဝတီတိုင်းဒေသကြီး)က ဒုတိယ၊ ဇော်လင်းဖြိုး (စစ်ကိုင်းတိုင်းဒေသကြီး)က တတိယ၊ ခန့်ထူးနိုင်(ပဲခူးတိုင်းဒေသကြီး)က ပူးတွဲတတိယ၊ အမျိုးသမီး (-၄၈) ကီလိုပြိုင်ပွဲတွင် တင်ဇာမြင့် (ကချင်ပြည်နယ်)က ပထမ၊ နှင်းဝတ်မှုံလွင် (ဧရာဝတီတိုင်းဒေသကြီး)က ဒုတိယ၊ နော်တေးဖာဖော(ကယားပြည်နယ်)က တတိယ၊ အေးချမ်းဖြိုး (မန္တလေးတိုင်းဒေသကြီး)က ပူးတွဲတတိယ၊ အမျိုးသမီး -၅၂ ကီလိုပြိုင်ပွဲတွင် မေဇင်ဖြိုး (ကချင်ပြည်နယ်)က ပထမ၊ စန္ဒာဝင်း(ချင်းပြည်နယ်) က ဒုတိယ၊ နော်မြတ်နိုးရွှေစင်(မွန်ပြည်နယ်) က တတိယ၊ ဆန်မိုင်းရာ (ရှမ်းပြည်နယ်)က ပူးတွဲတတိယ၊ အမျိုးသမီး -၆၃ ကီလိုပြိုင်ပွဲတွင် ထက်ထက်လင်း (မန္တလေးတိုင်းဒေသကြီး) က ပထမ၊ နှင်းမိုးပွင့်ဖြူ(ကရင်ပြည်နယ်) က ဒုတိယ၊ တွယ်တာမိုး(ကယားပြည်နယ်) က တတိယ၊ ဂျူးမြတ်ချယ် (ဧရာဝတီတိုင်းဒေသကြီး)က ပူးတွဲတတိယ၊ အမျိုးသမီး (+၆၃)ကီလိုပြိုင်ပွဲတွင် နန်းသဲနုနုစံ(ကရင်ပြည်နယ်)က ပထမ၊ ယွန်းဝတီစိုး(ရန်ကုန်တိုင်းဒေသကြီး)က ဒုတိယ၊ ဖရေးမြာသဲဦးဝေ (ကယားပြည်နယ်) က တတိယ၊ နန်းနုနုခေါင် (ရှမ်းပြည်နယ်)က ပူးတွဲတတိယဖြင့် အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဇွန်လ ၆ ရက် **(ယနေ့)** နံနက် ၉ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ဂျူဒို (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များအား ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းသိရသည်။

**ကျော်လွင်(မြဝတီ)**

## ဇွန်လ၏ မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | ကျိုက္ခမီမြို့ | ၅-၆-၂၀၂၄ | ၂၁၀ | ၈. ၂၇ | ၁၀-၆-၁၉၉၀ | ၂၀၇ | ၈. ၁၅ | ၄၂ |

(မိုး/ဇလ)

နေပြည်တော် ဇွန် ၅

## မေလအတွင်း ပြောင်းတင်ပို့မှုလျာထားချက်ထက်ပြည့်မီကျော်လွန်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နိုင်ငံတော်၏ပို့ကုန်လျာထားချက်များ ပြည့်မီကျော်လွန်စေရေးအတွက် ပို့ကုန်ပစ္စည်းတစ်မယ်ချင်းကို ဘဏ္ဍာရေးနှစ်အတွင်း လအလိုက် လျာထားသတ်မှတ်၍ ဆောင်ရွက်လျက်ရှိရာ ပြောင်းစေ့တင်ပို့ခြင်းကို ယခုဘဏ္ဍာရေးနှစ်၏ပထမသုံးလပတ်ဖြစ်သော ဧပြီလ၊ မေလ၊ ဇွန်လ လျာထားချက်မှာ တန်ချိန် ၃ ဒသမ ၈ သိန်းဖြစ်သည်။

၂၀၂၄ ခုနှစ် မေလကုန်အထိ စာရင်းများအရ ပြောင်းတန်ချိန် ၄ ဒသမ ၇၈ သိန်း အမှန်တင်ပို့နိုင်ခဲ့ပြီး လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် တင်ပို့နိုင်ခဲ့သည်။

ထို့အတူ ဇွန်လလျာထားချက်အပေါ် ပြည့်မီကျော်လွန်နိုင်ရေး အလေးပေးဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဇွန်လ ၅ ရက်စာရင်းများအရ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများတွင် ပြောင်းတင်ပို့မည့် သင်္ဘော ၁၄ စင်းဆိုက်ကပ်လျက်ရှိပြီး အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (Alone International Port Terminal)မှ ပြောင်းတန်ချိန် ၃၂၀၅၈ တန်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(Yangon International Gateway Terminal)မှ ပြောင်းတန်ချိန် ၉၅၀၀၊ မြန်မာ့စက်မှုဆိပ်ကမ်း(Myanmar Industrial Port)မှ ပြောင်းတန်ချိန် ၃၆၅၀၀၊ ဆူးလေဆိပ်ကမ်း (Sule Pagoda Wharves) မှ ပြောင်းတန်ချိန် ၂၀၆၇၂ တန်၊ ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal) မှ ပြောင်းတန်ချိန် ၂၅၀၀၀၊ သီလဝါဆိပ်ကမ်း(Myanmar International Terminal Thilawa)မှ ပြောင်းတန်ချိန် ၂၇၅၀၀၊ Myanmar Integrated Port Limited မှ ပြောင်းတန်ချိန် ၂၆၀၀၀၊ Wilmar (Wilmar International Port Terminal)မှ ပြောင်းတန်ချိန် ၁၁၀၀၀၊ သီလဝါဆိပ်ကမ်း (Thilawa Multipurpose International Terminal) မှ ပြောင်းတန်ချိန် ၂၅၀၀၀၊ ရွှေမဲဆိပ်ကမ်း (Shwemae)မှ ပြောင်းတန်ချိန် ၂၇၀၀ နှင့် မင်းထက်မင်းဆိပ်ကမ်း(Min Htet Min) မှ ပြောင်းတန်ချိန် ၅၄၀၀ စုစုပေါင်း ပြောင်းတန်ချိန် ၂၂၁၃၃၀ တင်ပို့သွားမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ပြောင်းတင်ပို့မှုကို ဖေဖော်ဝါရီလမှ ဩဂုတ်လကုန်အထိ အိမ်နီးချင်းထိုင်းနိုင်ငံမှ အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားသဖြင့် ယခုနှစ် ဩဂုတ်လကုန်အထိ ပြောင်းစေ့ပို့ကုန်များအချိန်မီတင်ပို့နိုင်ရေး မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းမှ တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■ **ကျောဖုံးမှအဆက်**

တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဇွန်လ ၃ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၉)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ဖန်စီလက်ဝတ်ရတနာ ကီလိုဂရမ် (၁၁၀)၊ ခေါင်းဖြီးဘီးမျိုးစုံ (၂၀၈၆) ကီလိုဂရမ်နှင့် တရုတ်နိုင်ငံထုတ် GI Hollow Pipe (၁၈၉၆၀)ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း(၅)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၀၂၄၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇွန်လ ၄ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်း၊ ၂ မိုင် ၄ ဖာလုံအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင်ကျွန်းသစ် (၁ ဒသမ ဝ၈ဝ)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၇၅၂)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Noah မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ လှည်းကူးမြို့နယ်၊ အဝိုင်းကျေးရွာနှင့် မလစ်(အနောက်)ကျေးရွာကြား၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင်အခြားသစ်(၃ ဒသမ ၁၈၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၂၈၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း၊ တိုက်ကြီးမြို့နယ်၊ တာဂွကျေးရွာ၊ ရန်ကုန်-ပြည်ကားလမ်း၊ မိုင်တိုင်အမှတ်(၄၅)အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၈၉၅)တန် (ခန့်မှန်းတန်ဖိုးငွေကျပ်၇၈၇၆၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၉၂၁၁၅၂)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန်လ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၆၂၃၆၃၂)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။**(သတင်းစဉ်)**

နေပြည်တော် ဇွန် ၅

# ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံကို ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ကြည့်ရှုစစ်ဆေး





စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်စက်မှုနယ်မြေရှိ ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် စက်ဘီးစက်ရုံ (ကျောက်ဆည်)၊ အပ်ချုပ်စက်စက်ရုံ (ကျောက်ဆည်)၊ ဖိနပ်စက်ရုံ(ကျောက်ဆည်)၊ အမှတ်(၉)အထည်စက်ရုံ (ကျောက်ဆည်) နှင့် သောက်ရေသန့်စက်ရုံခွဲ (ကျောက်ဆည်) တို့သို့ရောက်ရှိပြီး စက်ရုံအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက စက်ရုံများကို ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် စက်ရုံငှားရမ်းစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီလိုက်နာ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ပသွင်းကုန် အစားထိုးကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများအား အရည်အသွေးကောင်းမွန်စေရေးအတွက် ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက်တွင် စစ်ဆေးသည့်နေရာများ သတ်မှတ်ဆောင်ရွက်ရန်နှင့် ထုပ်ပိုးမှုစနစ်များ ကောင်းမွန်အောင်လည်း စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံများအလိုက် ရေးဆွဲထားရှိသည့် မီးဘေးလုံခြုံရေးစီမံချက်အတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များဖြင့် နိုင်ငံတော်နှင့် ပြည်သူကိုအလုပ်အကျွေးပြုနိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ အရည်အသွေးများ တိုးတက်မြင့်မားစေရေးအတွက် လေ့လာသင်ယူမှုလုပ်ငန်းများကို အစဉ်အမြဲဆောင်ရွက်နေရမည်ဖြစ်ကြောင်း မှာကြားပြီး စက်ရုံငှားရမ်းထားရှိသည့် လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၅

# ကျွမ်းကျင်လုပ်သားများနှင့် စီးပွားရေးလုပ်ငန်းလာရောက်လုပ်ကိုင်သူများ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းကော်မတီ (၁/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ကျွမ်းကျင်လုပ်သားများနှင့် စီးပွားရေးလုပ်ငန်းလာရောက်လုပ်ကိုင်သူများရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ လုပ်ငန်းကော်မတီဝင်များ၊ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက လုပ်ငန်းကော်မတီကို ဒေသအတွင်းရှိ လူတန်းစားအလွှာအသီးသီး ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုဆိုင်ရာ အာဆီယံသဘောတူစာချုပ်အောက်ရှိ ကတိကဝတ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ဒေသတွင်းစံသတ်မှတ်ချက်များနှင့်အညီ စာရွက်စာတမ်းလိုအပ်ချက်များကို လျှော့ချရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standard Authority- NSSA) အနေဖြင့် လက်ရှိတွင် ကျွမ်းကျင်လုပ်သားများမွေးထုတ်ရန် တာဝန်ယူဆောင်ရွက်ပေးနေပြီး ကျွမ်းကျင်ပညာရှင်များအတွက် သက်ဆိုင်ရာပညာရှင်အဖွဲ့အစည်းများ၊ ကောင်စီများက စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် AEC Measure တွင် A5 Facilitating Movement of Skilled Labour and Business Visitors ကိုအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အာဆီယံလူပုဂ္ဂိုလ်များ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သဘောတူညီချက်အပေါ် ပြင်ဆင်သည့် အခြေပြစာချုပ်ကို ၂၀၂၄ ခုနှစ် မတ်လ ၇ ရက်က ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း အာဆီယံလူပုဂ္ဂိုလ်များ ရွှေ့ပြောင်းသွားလာခြင်း (MNP) ဆိုင်ရာ အစီအစဉ်များကို အေအီးစီ ၂၀၂၅ လမ်းပြမြေပုံကိုအခြေခံ၍ သဘောတူညီထားသော ပန်းတိုင်များကို သတ်မှတ်ကာလအတွင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် လုပ်ငန်းကော်မတီ၏ လက်ရှိစုဖွဲ့မှုအပေါ် ပြန်လည်စိစစ်ခြင်း၊ လုပ်ငန်းကော်မတီမှ လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် သဘောထားမှတ်ချက်များ၊ ကဏ္ဍအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ရသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ၁၀ နှစ်တာ ကာလအတွင်း အေအီးစီလုပ်ငန်းများ အကောင်အထည်ဖော်ခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ လက်တွေ့ အကောင်အထည်ဖော်မှုများကို လေ့လာဆန်းစစ်နိုင်ရေးကိစ္စရပ်များကို လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ရန်ကုန် ဇွန် ၅

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့်သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ စလင်းအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် YREO အသင်းတို့ကစားခဲ့ရာ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းသေချာခဲ့သည့် သစ္စာအားမာန်အသင်းက ၃ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် ဝေဖူးအိမ်၊ ပွဲချိန် ၃၉ မိနစ်တွင် ဇင်မာထွေးနှင့် ပွဲချိန် ၄၁ မိနစ်တွင် မြတ်နိုးခင်တို့က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ညနေ ၄ နာရီတွင် YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ၄ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆ မိနစ်တွင် ယွန်းဝတီလှိုင်၊ ပွဲချိန် ၁၁ မိနစ်တွင် ဇင်မိုးပြည့်၊ ပွဲချိန် ၆၂ မိနစ်တွင် ဝင်းသီရိထွန်း၊ ပွဲချိန် ၆၅ မိနစ်တွင် ဆွေမာအောင်တို့က အသီးသီးသွင်းယူပေးနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) အဖြစ် ဇွန်လ ၆ ရက် **(ယနေ့)** ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပဒုမ္မာအားကစားကွင်း၌ ဧရာဝတီအသင်းနှင့် မြဝတီအသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်းသိရသည်။

စည်သူအောင်



မန်ချက်စတာ၊ ဇောလုံး

## ဆော်ဒီကလပ်အသင်းများက ကမ်းလှမ်းလာလျှင် အပြောင်းအရွှေ့အတွက် လက်ခံဆွေးနွေးရန်အသင့်ရှိကြောင်း ဒီဘရိုင်းပြော

မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဒီဘရိုင်းသည် ဆော်ဒီကလပ်အသင်းများက ကမ်းလှမ်းလာလျှင် အပြောင်းအရွှေ့အတွက် လက်ခံဆွေးနွေးရန်အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

အသက် ၃၂ နှစ်အရွယ် ဒီဘရိုင်းသည် ၂၀၁၅ ခုနှစ်က ဝုဖ်ဘတ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် မန်စီးတီးအသင်းနှင့်အတူ ဇောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ မန်စီးတီးအသင်း ချန်ပီယံဆုဖလားများ ဆွတ်ခူးနိုင်ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ဒီဘရိုင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အကောင်းဆုံးကွင်းလယ်ကစားသမားများတွင် တစ်ဦးအပါအဝင်အဖြစ် ရပ်တည်နိုင်သူဖြစ်သော်လည်း ယခုဇောလုံးရာသီတွင် ဒဏ်ရာပြဿနာများနှင့် ရုန်းကန်နေရသည့်အတွက် မန်စီးတီးအသင်းကလည်း လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ထိုက်သင့်သည့်ပြောင်းရွှေ့ကြေးရပါက ရောင်းချရန်စီစဉ်ထားသည်။



မန်စီးတီးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ဒီဘရိုင်းကို ဆော်ဒီထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သော အယ်ဟီလယ်အသင်းက မြင့်မားသည့်လုပ်ခလစာဖြင့်ခေါ်ယူရန် အစောပိုင်းကတည်းက သတင်းများထွက်ပေါ်လျက်ရှိသည်။

ကွင်းလယ်ကစားသမား ဒီဘရိုင်းက "ကမ်းလှမ်းမှုတွေရှိလာမယ်ဆိုရင် အပြောင်းအရွှေ့အတွက် အမြဲတံခါးဖွင့်ထားပြီး လက်ခံဆွေးနွေးဖို့ အသင့်ရှိပါတယ်။ ကျွန်တော် ဥရောပမှာ ၁၅ နှစ်လောက်ကစားပြီး အောင်မြင်မှုတွေလည်း ရယူနိုင်ခဲ့ပြီးပါပြီ။ ကျွန်တော့်ရဲ့ကစားသမားဘဝ နောက်ဆုံးအရွယ်မှာ မယုံကြည်နိုင်လောက်တဲ့ လုပ်ခလစာတွေအတွက် စဉ်းစားသွားမှာပါ"ဟုပြောသည်။

ဒီဘရိုင်းသည် မန်စီးတီးအသင်းနှင့် ၃၈၂ ပွဲပါဝင်ကစားခဲ့ကာ ၁၀၂ ဂိုးသွင်းယူထားပြီး ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

*Ref;The Guardian*

လန်ဒန်၊ ဇောလုံး

## ချယ်လ်ဆီးအသင်းက ဖူလ်ဟမ်အသင်း ခံစစ်ကစားသမား အဒါယာဘီအိုယိုကိုခေါ်ယူရန် ဆေးစစ်မှုအောင်မြင်

ချယ်လ်ဆီးအသင်းက နည်းပြသစ်လက်ထက် ပထမဆုံးကစားသမားခေါ်ယူမှုအဖြစ် ဖူလ်ဟမ်အသင်း ခံစစ်ကစားသမား အဒါယာဘီအိုယိုကို ခေါ်ယူရန် ဆေးစစ်မှုအောင်မြင်ခဲ့ကြောင်း သိရသည်။

အဒါယာဘီအိုယိုသည် ယခုလကုန်တွင် ဖူလ်ဟမ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ဖူလ်ဟမ်အသင်းက လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့သော်လည်း အဒါယာဘီအိုယိုကိုယ်တိုင်က အသင်းမှထွက်ခွာလိုသည့်အတွက် ငြင်းပယ်ခဲ့ကာ ချယ်လ်ဆီးအသင်းသို့သာ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သောကြောင့် ယခုလကုန်တွင် ချယ်လ်ဆီးအသင်းက တရားဝင်စာချုပ်ချုပ်ဆိုခေါ်ယူမည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် အဒါယာဘီအိုယိုကို အစောပိုင်းကတည်းကခေါ်ယူရန် သဘောတူညီမှုရရှိထားပြီး ယခုအခါ ဆေးစစ်မှုအောင်မြင်ပြီးနောက် ချယ်လ်ဆီးအသင်းနည်းပြသစ် အန်ဇိုမာရက်စကာလက်ထက်တွင် ပထမဆုံးကစားသမားခေါ်ယူမှုဖြစ်လာကြောင်း သိရသည်။ *Ref;Fabrizio Romano*

ရီယက်၊ ဇောလုံး

## မန်ယူအသင်းမှ ဖာနန်ဒက်စ်နှင့် ကက်စ်မဲရိုးတို့ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀၀ အသုံးပြုပြီး အယ်နာဆာအသင်းခေါ်ယူရန်ပြင်ဆင်နေ

အယ်နာဆာအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ကွင်းလယ်ကစားသမား ဖာနန်ဒက်စ်နှင့် ကက်စ်မဲရိုးတို့ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀၀ အသုံးပြုပြီး ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။

ကက်စ်မဲရိုးသည် ၂၀၂၂ ခုနှစ်က မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့် ပထမဆုံးဇောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း ယခုဇောလုံးရာသီတွင် ဒဏ်ရာပြဿနာများနှင့်ရုန်းကန်နေရကာ ခြေစွမ်းပြနိုင်ခြင်းမရှိသည့်အတွက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ထားခြင်းဖြစ်သည်။ ဖာနန်ဒက်စ်သည် အသင်းမှထွက်ခွာလိုခြင်းမရှိသော်လည်း လာမည့်ကစားသမားအပြောင်းအရွှေ့ကာလတွင် ပူးတွဲအသင်းပိုင်ရှင် ရက်ကလစ်က အသင်းကို ပြောင်းလဲမှုများလုပ်ဆောင်ရန် စီစဉ်နေသည့်အတွက် ရောင်းချဖွယ်ရှိသည်။

အယ်နာဆာအသင်းက စီရော်နယ်ဒို၊ မာနေး၊ လာပေါ်တီ၊ တဲလက်စ်၊ ဘရာဇိုဗစ် စသည့်ကစားသမားများကို ခေါ်ယူခဲ့သော်လည်း ဆော်ဒီလိဂ်ပြိုင်ပွဲတွင် အဆင့်(၂)နေရာ၌သာ ရပ်တည်နိုင်ခဲ့သည့်အတွက် ထိပ်တန်းကစားသမားများကို ထပ်မံခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အယ်နာဆာအသင်းက ဖာနန်ဒက်စ်နှင့်ကက်စ်မဲရိုးတို့ကို စတာလင်ပေါင် သန်း ၂၀၀ အသုံးပြုပြီး ခေါ်ယူမည့်အပြင် ဂိုးသမားဒီဂီယာကိုပါ ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။ *Ref;The Athletic*

ဘာစီလိုနာ၊ ဇောလုံး

## လုပ်ခလစာလျှော့ယူရန်ငြင်းဆန်မှုကြောင့် ဘာစီလိုနာအသင်းက တိုက်စစ်မှူးလီဝန်ဒေါစကီးကို လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချဖွယ်ရှိ

ဘာစီလိုနာအသင်း ဝါရင့်တိုက်စစ်မှူး လီဝန်ဒေါစကီးသည် ဘာစီလိုနာအသင်းက လုပ်ခလစာလျှော့ယူရန်တောင်းဆိုသော်လည်း ငြင်းဆန်ခဲ့သည့်အတွက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချဖွယ်ရှိနေကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် လက်ရှိတွင် အသင်းဘဏ္ဍာရေးအကျပ်အတည်းကို ဖြေရှင်းနိုင်ရန်အတွက် အသင်းမှကစားသမားများကို လုပ်ခလစာလျှော့ယူရန် တောင်းဆိုမှုများပြုလုပ်ခဲ့သော်လည်း လီဝန်ဒေါစကီးက လုပ်ခလစာလျှော့ယူရန် ငြင်းဆန်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၅ နှစ်အရွယ် လီဝန်ဒေါစကီးသည် ၂၀၂၂ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းမှ ဘာစီလိုနာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသက်အရွယ်အပိုင်းအခြားကြောင့် ဘာစီလိုနာအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုတော့မည်မဟုတ်ဘဲ ရောင်းချရန်ဆုံးဖြတ်ထားချိန်တွင် လီဝန်ဒေါစကီးက လုပ်ခလစာလျှော့ယူရန် ငြင်းဆန်ခဲ့သည့်အတွက် ၎င်း၏အနာဂတ်မှာ ပိုမိုမရေမရာဖြစ်လာခြင်းဖြစ်သည်။


ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ်တာက "ကျွန်တော်တို့အသင်းရဲ့ ဘဏ္ဍာရေးအခြေအနေတွေကြောင့် ကစားသမားတွေကို လုပ်ခလစာလျှော့ယူပေးဖို့ ညှိနှိုင်းမှုတွေလုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမဲ့ လီဝန်ဒေါစကီးက ငြင်းဆန်ခဲ့ပါတယ်" ဟု ပြောသည်။

*Ref;Goal.com*




အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
DAGON MALTA FRESH
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO CEMENT
RHINO
သုံးကြစို့....
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
PREMIUM QUALITY CEMENT
RHINO
PORTLAND CEMENT
OPC-BS-12-1996
STRENGTH CLASS 42.5 N
PRODUCT OF MEC
EXPORT QUALITY
NET WEIGHT-50kg
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
AUSTRALIAN INTERNATIONAL BEER AWARDS
GOLD 2019


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
VEGA
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## အနက်သိမှ အရေးမှန်မည်၊ အရေးမှန်မှ အနက်သိမည်။

(ယမန်နေ့မှအဆက်)

သို့ရာတွင် ထိုအဘိဓာန်ကိုပင် Robert C.Stevenson နှင့် Rev.F.H. Eveleth တို့ ဖြည့်စွက်မွမ်းမံပြီး ၁၉၅၃ ခုနှစ်တွင် ပုံနှိပ်သော ရာပြည့်အထိမ်းအမှတ်ထုတ် ယုဒသန် မြန်မာ–အင်္ဂလိပ် အဘိဓာန်တွင်မူ သေးသေးတင်အောက်မြစ် **ခံ့**၏ အဓိပ္ပာယ်ကို မူလက ဖွင့်ထားသော “to be firm, strong, durable, ကြံ့သည်၊ ခိုင်သည်” မျှသာမဟုတ်ဘဲ "to be dignified in deportment, Stately; to be muscular and well built; ဆဒ္ဒန်ဆင်မင်းသည် ဖြူစွာသောကိုယ်ကြန်အင်လက္ခဏာနှင့် ပြည့်စုံသောကြောင့် ဆင်မည်းတို့အလယ်၌ အလွန်ခံ့သည်။ ... စသည်ဖြင့် **ခံ့ညား**၏ အနက်မျိုးဖွင့်ထားပါသည်။ **ခံ့ညား**ဟူသော ဝေါဟာရကိုမူ ဖော်ပြမထားပါ။

ခချွေးနသတ်အောက်မြစ်ခန့်၏ အဓိပ္ပာယ်ကိုမူ ၁၈၅၂ ခုနှစ်ထုတ် ထိုအဘိဓာန်တွင် to fear, ကြောက်သည် ; to respect, reverence ထိသည်၊ ရိုသေလေးမြတ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ **ခန့်ညား**ကိုလည်းအနက်တူဟုပင်ပြပါသည်။ ၁၉၅၃ ခုနှစ်ထုတ် ရာပြည့်နှစ် အထိမ်းအမှတ် အဘိဓာန်တွင်လည်း ထိုအတိုင်းပင် အဓိပ္ပာယ်ဖွင့်ပါသည်။ သို့ရာတွင် **ခန့်ညား**၏ အဓိပ္ပာယ်အဖွင့်တွင် “ရှင်ရာဟုလာသည် ရှင်သာရိပုတ္တရာ၏ အဆုံးအမခံ၍တည်၍ အလွန်ရိုသေ**ခန့်ညားသည်**” ဟူသော အသုံးအနှုန်းကို ဖြည့်စွက်၍ သာဓကပြထားပါသည်။ **ခန့်ညား**၏ အဓိပ္ပာယ်ပို၍ပေါ်လွင်သွားသည်။

အချုပ်အားဖြင့် ဤသို့မှတ်ရန်ဖြစ်ပါသည်။ သေးသေးတင်အောက်မြစ် **ခံ့ညား**နှင့် နသတ်အောက်မြစ် **ခန့်ညား**ဟူသော ဝေါဟာရနှစ်ရပ်တွင် နသတ်အောက်မြစ် **ခန့်ညား**ကိုသာ ရှေးအခါက သုံးနှုန်းကြသည်။ အဓိပ္ပာယ်မှာ ကြောက်သည်၊ ရွံ့သည်၊ လေးစားသည်ဟူ၍ ဖြစ်သည်။ သေးသေးတင်အောက်မြစ် **ခံ့ညား**မှာမူ ရှေးကမသုံး နောက်မှ သုံးသော အသုံးအနှုန်းဖြစ်သည်။ အဓိပ္ပာယ်မှာ ခမ်းနား၊ ထည်ဝါဟူ၍ ဖြစ်သည်။

ဤတွင် နသတ်အောက်မြစ် **ခန့်ညား**သည် အဘယ်ကြောင့် ကြောက်သည်၊ ရွံ့သည်၊ လေးစားသည်” ဟူသော အဓိပ္ပာယ်ကို ဆောင်သနည်း။ သေးသေးတင်အောက်မြစ် **ခံ့ညား**သည် အဘယ်ကြောင့် “ခမ်းနား၊ ထည်ဝါ” ဟူသော အဓိပ္ပာယ်ကိုဆောင်သနည်း။ ကြောက်သည်၊ ရွံ့သည်၊ လေးစားသည်” ဟူသော အဓိပ္ပာယ်ဆောင်သည့် နသတ်အောက်မြစ် **ခန့်ညား**၏အနက်ကိုသိရန်နှင့် ခမ်းနား၊ ထည်ဝါဟူသော အဓိပ္ပာယ်ကိုဆောင်သည့် သေးသေးတင်အောက်မြစ် **ခံ့ညား**၏အနက်ကို သိရန်လိုအပ်သည်မဟုတ်ပါလော။

နသတ်အောက်မြစ် **ခန့်ညား**နှင့် သေးသေးတင်အောက်မြစ် **ခံ့ညား**တို့တွင် နသတ်အောက်မြစ် **ခန့်** တစ်လုံးတည်း၏ အနက်နှင့် သေးသေးတင်အောက်မြစ် **ခံ့** တစ်လုံးတည်း၏ အနက်သည် အဓိက ကျပေသည်။ **ညား** မှာ **ခန့်**နှင့် **ခံ့** တို့၏ အနက်ကို လေးနက်အောင် ထောက်ပံ့သော ပစ္စည်းစကားလုံးမျှသာဖြစ်သည်ကို သတိပြုသင့်ပေသည်။

**ခန့်** ၏အနက် ခိုင်း၊ နိုင်း၊ မှန်းစသည် ဖြစ်သည်။ **ညား** ၏ အနက် **ပေါင်းစည်း၊ ဆက်စပ် > စွဲမြဲ၊ များပြား**ဖြစ်သည်။ တစ်စုံတစ်ဦးကို **ခန့်ညား**သည်ဆိုသည်မှာ ထိုသူတစ်ဦးတစ်ယောက်ကို ထွတ်မြတ်သူအဖြစ်၊ အကြီးအမြတ်အဖြစ် ခိုင်းနှိုင်းမှန်းထားခြင်း၊ ပမာထားခြင်း၊ အရာထားခြင်းပင်ဖြစ်ရာ ဆင့်ပွားအနက်အားဖြင့် ကြောက်သည်၊ ရွံ့သည်၊ လေးစားသည်၊ ရိုသေသည်ဟူသော အဓိပ္ပာယ်ကို ဆောင်ပေသည်။

**ခန့်**၏အနက်သည် ကြောက်သည်၊ ရွံ့သည်၊ ရိုသေသည်၊ လေးစားသည်ဟုဆိုခြင်းကြောင့် **မခန့်**၏အနက်မှာ မကြောက်၊ မရွံ့၊ မလေးစား၊ မရိုသေဟူ၍ ဖြစ်ပေသည်။ ထို့ကြောင့် **မခန့်လေးစား မလေးမခန့်၊ မခန့်တရန့်၊ မခိုးမခန့်၊ ပမာမခန့်** စသည့်ကြိယာဝိသေသနဝေါဟာရများ ဖြစ်ပေါ်လာခြင်းဖြစ်ပေသည်။

**ခံ့**၏အနက် **ခိုင်၊ ခံ၊ ထည်** စသည်ဖြစ်သည်။ ခိုင်သော သဘော၊ ခံနိုင်သောသဘော၊ ထည်သောသဘော စသည်ဖြစ်သည်။ **ညား**၏ အနက်ကို စွဲမြဲစွာ၊ များစွာဟု အနက်ဖွင့်ပါက **ခံ့ညား** ဟူသည် များစွာ ခံ့သည်။ များစွာထည်သည် စသည့်အဓိပ္ပာယ်ကိုဆောင်ပေသည်။ ထို့ကြောင့် **ခံ့ညားထည်ဝါ၊ ခံ့ထည်**ဟူသော ဝေါဟာရများ ဖြစ်လာရပေသည်။

ဆရာကြီးသည် အလွန်ခန့်ညားသည်ဟူသောဝါကျနှင့် ဆရာကြီးသည် အလွန်ခံ့ညားသည်ဟူသော ဝါကျတို့တွင် ပထမဝါကျသည် ဆရာကြီး အလွန်ကြောက်သည်ဟူသော အဓိပ္ပာယ်ရှိ၍ ဒုတိယဝါကျသည် ဆရာကြီး အလွန်ထည်ဝါသည် အလွန်လေးစားဖွယ်ဖြစ်သည်ဟူသော အဓိပ္ပာယ်ရှိပေသည်။ နသတ်အောက်မြစ် **ခန့်ညား**နှင့် သေးသေးတင်အောက်မြစ် **ခံ့ညား**တို့ အသတ်မတူကြသဖြင့် အဓိပ္ပာယ် အလွန်ကွဲပြားကြောင်း သတိပြုကြရာသတည်း။


**မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။**



















၂၀၂၄ ခုနှစ် မေလအတွင်း ဖမ်းဆီးရမိမှု။

☐ **ကျောဖုံးမှအဆက်**

ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိကြောင်း သိရှိရသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ်၊ မေလအတွင်း သတင်းရရှိမှု (၇၉)ကြိမ်ရရှိခဲ့ပြီး သတင်းမှား(၇)ကြိမ်၊ နောက်ကျသတင်း(၁)ကြိမ်နှင့်ဖမ်းဆီးရမိမှု (၇၁)ကြိမ်ဖြစ်ပါသည်။ ဖမ်းဆီးရမိမှု အမှုတွဲ(၁၀၇)မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း(၆၆)မျိုးအပါအဝင် ခန့်မှန်းတန်ဖိုးကျပ် (၄၂၈၀ ဒသမ ၅၄၄)သန်းနှင့် တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၄ ခုနှစ် မေလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှု တန်ဖိုးကျပ် (၄၂၈၀ ဒသမ ၅၄၄)သန်း၏ ၂၀% ဖြစ်သော ကျပ်(၈၅၆ ဒသမ ၁၀၉)သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သတင်းပေးဆုကြေးအဖြစ် ကျပ်(၁၁၆၈ ဒသမ ၄၈၈)သန်းအား ဆုကြေးငွေအဖြစ် ချီးမြှင့်ပေးခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မေလအထိ သတင်းပေးဆုကြေးအဖြစ် ကျပ်(၃၈၀ ဒသမ ၉၆၈)သန်းကိုလည်း ဌာနဆိုင်ရာတာဝန်ရှိသူများက မြန်မြန်ဆန်ဆန်ချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့်သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိမှုများနှင့်ပတ်သက်၍လည်း လစဉ်သတင်းထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့ တိုင်ကြားနိုင်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ **(သတင်းစဉ်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၅-၆-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၀၀၇။ | ကွယ်လွန်သူမိဘများဖြစ်သော ဖခင်ဗိုလ်မှူးကြီးမြင့်အောင်နှင့် မိခင်ဒေါ်တင်တင်ရွှေတို့အားရည်စူး၍ ဦးမျိုးမြင့်အောင်နှင့်ဇနီး ဒေါ်မော်မော်အောင်၊ (သား)မောင်ရှိန်းဘိုမိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၉၀၀၈။ | အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိက နှင့်တပည့်ဒကာများကောင်းမှု | ၃၀၀၀၀၀၀ |
| ၉၀၀၉။ | ဦးမြင့်နိုင်နှင့်ဇနီး ဒေါ်စန်းရီမြင့် (သမီး)ကောင်းမွန်မြင့်၊ မြတ်နိုးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၀၁၀။ | ဗိုလ်ချုပ်စောသန်းလှိုင်နှင့်ဇနီး ဒေါ်နှင်းချမ်းမြေ့သူ၊ (သား)မောင်ကောင်းခန့်ကျော်၊ မောင်မင်းပြည့် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၀၁၁။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်သောင်းစိန်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၀၁၂။ | ဒေါ်နန်းရွှေအောင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၀၁၃။ | ဦးကြည်စောနှင့်ဇနီး ဒေါ်ဖီဖီမောင်ထွေး၊ (သား)မောင်အောင်ကောင်းခန့်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၉၀၁၄။ | ဦးဝင်းမြတ်နှင့်ဇနီး ဒေါ်ငွေးငွေးမော်၊ (သား) မောင်မြတ်သီဟကောင်း၊ မောင်မြတ်သူရကောင်း၊ မောင်မြတ်တေဇကောင်းမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၉၀၁၅။ | ဦးတင်လှိုင်နှင့်ဇနီး ဒေါ်ကြည်ရွှေမိသားစုကောင်းမှု | ၁၁၁၁၁၁ |
| ၉၀၁၆။ | ဟွေးဆန်းဆရာတော်နှင့် တပည့်သာဝကများကောင်းမှု | ၁၁၀၀၀၀ |
| ၉၀၁၇။ | သဒ္ဒမ္မပါလဆရာတော်ကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၁၈။ | ပညာဘူမိကျောင်းတိုက်ဆရာတော်ဦးဝရသာမိကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၁၉။ | ဦးကျော်စိုးမင်းနှင့်ဇနီး ဒေါ်မီမီမာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၀။ | ကိုသူရိန်ထက်နှင့်ဇနီး မဝင်းစန္ဒာခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၁။ | ဦးသိန်းလင်းနှင့်ဇနီး ဒေါ်ဥမ္မာလွင်၊ (သမီး)မစန္ဒာလပြည့်ဝန်း၊ မသီတာအေးချမ်းမြေ့၊ (သား)မောင်သူရိန်နေမင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၂။ | ကွယ်လွန်သူဖခင်ဦးမြင့်ကြည်နှင့် အစ်ကိုမောင်ကျော်စွာတို့အားရည်စူး၍ ဒေါ်သောင်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၃။ | ဦးအောင်မိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၀၂၄။ | ကွယ်လွန်သူဦးဘမြင့်နှင့် ဗိုလ်မှူးဇော်နိုင်မြင့်တို့အား ရည်စူး၍ ဒေါ်ချစ်ပိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၅။ | ကွယ်လွန်သူဖခင်ကြီးဦးမောင်ငွေးအားရည်စူး၍ ဦးထွန်းထွန်းနှင့်ဇနီး ဒေါ်တင်တင်မြတ်၊ (သမီး)မသန္တာလင်းလဲ့ထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၆။ | ကိုအောင်ကျော်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၇။ | ဦးသိန်းဆောင်နှင့်ဇနီး ဒေါ်သိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၈။ | ဦးစန်းငွေးနှင့်ဇနီး ဒေါ်မာမာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၉။ | ဦးရဲခေါင်နှင့်ဇနီး ဒေါ်ခိုင်မေဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၀။ | ကိုအောင်ကျော်နှင့်ဇနီး မစန်းစန်းကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၁။ | ဦးဖုန်းအောင်လင်းနှင့်ဇနီး ဒေါ်သဲသဲမွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၂။ | ဦးကျော်သူနှင့်ဇနီး ဒေါ်ပြည့်ဖြိုးဝင်း၊ (သမီး)မယွန်းတွယ်တာကျော်၊ (သား)မောင်ဉာဏ်သုတကျော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၃။ | ဒေါက်တာခင်စန်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၄။ | ဦးလှမျိုးနှင့်ဇနီး ဒေါ်ခင်စိုးတင်၊ (သား)မောင်သီဟမျိုး၊ (သမီး)မအိအိမျိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၅။ | ဒေါ်မြသန်းနှင့် လေးမြင့်ကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၆။ | ကွယ်လွန်သူဦးသာရင်နှင့်ဇနီး ဒေါ်ဝဲစိန်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၇။ | ဦးကျော်လွင်နှင့်ဇနီး ဒေါ်စမ်းစမ်းအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၈။ | နှစ်ဖက်သောမိဘများအားအမျှထား၍ ဦးမြတ်သိန်း နှင့်ဇနီး ဒေါ်နှင်းပုံပုံ၊ (သားကြီး)မောင်ရှိန်းမြတ်၊ (သားငယ်)မောင်သော်ထက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၉။ | ဦးအောင်မျိုးဟိန်းနှင့်ဇနီး ဒေါ်ဆုမြတ်စန္ဒီ၊ (သမီး)မဟိန်းထက်ရွှေဘုံစံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၄၀။ | ဒေါ်ပိုပိုကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၄၁။ | ကိုဇော်မင်းနိုင်နှင့်ဇနီး မအေးအေးသွယ်၊ (သမီး)မနွေးထက်သဇင်မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၉၀၄၂။ | မြိတ်သင်တန်းစခန်းမှသင်တန်းသားများကောင်းမှု | ၇၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၀၄၃။ | ချောင်းဒေါင်စာသင်တိုက်ဆရာတော်ဦးသူရိယကောင်းမှု | ၅၀၀၀၀ |
| ၉၀၄၄။ | ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်ဦးနှင့်ဇနီး ဒေါ်မြင့်ဖြူဖြူစန်း၊ (သား)မောင်ဇေလင်းထွဋ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၄၅။ | ဦးနိုင်ဝင်းနှင့်ဇနီး ဒေါ်အိသက်ဖြိုး၊ (သမီး)မအိသဒ္ဒါနိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၄၆။ | ကွယ်လွန်သူဦးတင်မြင့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၄၇။ | ဦးမိုးနိုင်နှင့်ဇနီး ဒေါ်ခင်မော်မော်ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၄၈။ | ဦးညွန့်ဝင်းနှင့်ဇနီး ဒေါ်မိုးစီ၊ (သမီး)မမြတ်မွန်ချို၊ (သား)မောင်ဝေလျှံပြည့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၄၉။ | ကွယ်လွန်သူဦးသန်းအောင်အားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၀။ | ဦးကျော်မျိုးထွေးနှင့်ဇနီး ဒေါ်နီလာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၁။ | ဦးမျိုးသက်မောင်နှင့်ဇနီး ဒေါ်ဇင်မာမျိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၂။ | မအိမ့်မှူးခင် ၁၁ နှစ်ပြည့်မွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၃။ | နှစ်ဖက်မိဘများအားအမျှထား၍ ကိုဆန်းလင်းထွန်းနှင့်ဇနီး မစန္ဒာလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၄။ | ဦးရဲလင်းဟန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၅။ | ဒေါ်နှင်းနှင်းဝေ၊ (သား)မောင်ဖြိုးသူထွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၆။ | ဦးစိုးလင်းနှင့်ဇနီး ဒေါ်ခိုင်မေလတ်၊ (သမီး)မအိမ့်မြတ်နိုးဦး၊ (သား)မောင်အာကာလင်းမြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၇။ | ဦးချစ်သဲအောင်နှင့်ဇနီး ဒေါ်ခင်သီတာစိုး၊ (သမီး)မခင်အေးချမ်းစံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၈။ | ဦးမိုးကျော်နှင့်ဇနီး ဒေါ်ဆွေဆွေဟန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၉။ | ဦးဆည်အောင်နှင့် ဇနီးဒေါ်ခင်စိုး၊ (သမီး)မဇင်မာဦး၊ (သား)မောင်နေလင်းဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၆၀။ | ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၆၁။ | ဦးနိုင်နိုင်ထွန်းနှင့်ဇနီး ဒေါ်လွဲ့လွဲ့သင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၆၂။ | ဦးတင့်အောင်နှင့်ဇနီး ဒေါ်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၆၃။ | ဦးသန်းချစ်နှင့်ဇနီး ဒေါ်နှင်းငွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၆၄။ | ဦးစည်သူရန်နှင့်ဇနီး ဒေါ်ထားထားထိုက်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** **၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


## ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ သရက်ချောင်းကျေးရွာနေ စလင်းလင်းထွန်း(ဘ)မန်းမောင်ထွေးစိန် ၁၄/မမန(နိုင်)၂၁၃၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 301458)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၈၆၆၆၄၄၆**

## ပျောက်ဆုံးကြောင်း
လားရှိုးမြို့၊ ဆုံကွယ်အုပ်စုနေ စိုင်းလောင်ခမ်း(ဘ)ဦးအိုက်မောင် ၁၃/လရန(နိုင်)၁၆၉၅၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၃၇၀၁၅၂၁**

## ပျောက်ဆုံးကြောင်း
ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်ကွက်နေ စိုးလင်းအောင်(ဘ)ဦးစိုးမြင့် ၉/ပသန(နိုင်)၁၃၆၆၇၇ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၃၉၉၁၈၈၅**

## ပျောက်ဆုံးကြောင်း
ကဝမြို့၊ ကုန်းကြီးရွာနေ ခင်နှင်းဆီ(ဘ)ဦးလှသွေး ၇/ကဝန(နိုင်)၁၄၃၅၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 887235)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၃၉၉၁၈၈၅**

## ပျောက်ဆုံးကြောင်း
ထန်းတပင်မြို့၊ ဇရပ်ကြီးရွာနေ နန်းအိဖြိုး(ဘ)ဦးအောင်ကြီး ၇/ထတပ(နိုင်)၁၁၇၁၁၆ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ က အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၃၉၉၁၈၈၅**

## ပျောက်ဆုံးကြောင်း
မြတ်စိုး(ဘ)ဦးမြတ်ထွန်း ၁၂/တမန(နိုင်)၀၉၈၉၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 047523)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**အလိမ္မာစာမှာရှိ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ ထုတ်လုပ်မှုများတိုးတက်လာမည်ဆိုပါက ပြည်ပမှ တင်သွင်းနေရမှုများကို များစွာလျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေ သုံးစွဲမှုများလျော့ကျလာမည်ဖြစ်・・・

❖ ထိုသို့နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျသွားမည်ဆိုပါက ပြည်တွင်း ငွေကြေးလည်ပတ်မှုများတိုးတက်ကောင်းမွန်ကာ နိုင်ငံ့စီးပွားမြင့်မားလာမည်ဖြစ်・・・

❖ ထိုသို့နိုင်ငံ့စီးပွား မြင့်မားတိုးတက်လာမည်ဆိုပါက ပြည်သူတစ်ဦးချင်း၏လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်・・・

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်သူများအနေဖြင့် အဖျက်သမားများ၏လှုံ့ဆော်ရေးသားမှု၊ ပြောကြားမှုများကို စိုးရိမ်စရာမလိုဘဲ ဘဏ်များအပေါ်ယုံကြည်စိတ်ချစွာဖြင့် ဘဏ်ဝန်ဆောင်မှုများပုံမှန်ရယူသုံးစွဲနိုင်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်သူများ၏အပ်နံ့ငွေများကို အပြည့်အဝအကာအကွယ်ပေးထား

### အသိပေးကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအား ဘဏ်လုပ်ငန်းလိုင်စင်ထုတ်ပေးထားပြီး ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ စောင့်ကြည့်ကြပ်မတ်ကွပ်ကဲလျက်ရှိပါသည်။ ဘဏ်များကလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏လမ်းညွှန်ချက်နှင့်အညီ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြစ်သော စုဆောင်းအပ်နံ့ငွေအမျိုးမျိုးလက်ခံပြီး၊ **စာမျက်နှာ ၇ ကော်လံ ၁** ❍

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့်စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ **စာမျက်နှာ ၂၉ ကော်လံ ၁** ☐



၂၀၂၄ ခုနှစ် မေလအတွင်းဖမ်းဆီးရမိမှု။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ **စာမျက်နှာ ၂၄ ကော်လံ ၄** ■



မြန်မာ့ စက်မှု ဆိပ်ကမ်း၌ ဖမ်းဆီး ရမိမှု။